
www.burmeseclassic.com

နိုင်ငံတကာ

# အချစ်ဟာသများ

မောင်မောင်မြင့်သိန်း



www.burmeseclassic.com

**ရှုံအောင်**

**စာပေ**

၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

ဖုန်း-၇၂၂၅၇၂

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | - | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | - | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | - | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် ဝသောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

# နိုင်ငံတကာအချစ် ဟာသများ

## မောင်မောင်မြင့်သိန်း

(စက်မှုတက္ကသိုလ်)

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၁၂၉၀/၂၀၀၁ (၁၂)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၂၆၇/၂၀၀၂ (၃)

**မျက်နှာဖုံးပန်းချီ**
ပိုးဇာ

**ပုံနှိပ်ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၂ ခုနှစ်၊ ဇွန်လ

**အုပ်ရေ**
၁၀၀၀

**စာအုပ်ချုပ်**
ကိုမြင့်

**အတွင်းပုံနှိပ်**
ဦးတင်မောင်ဝင်း (၀၅၉၄၆) သင်းလဲ့ဝင်းပုံနှိပ်တိုက်
၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်ကူ**
ဦးထွန်းထွန်း (၀၂၇၂၆) (အောင်မြင့်ထွန်းပုံနှိပ်တိုက်)
၂၄၄၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးမောင်ကလေး (၀၀၆၅) သောကြာစာပေတိုက်
အမှတ် ၁၅၊ ဩဘာလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး**
၃၅၀ ကျပ်

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ⁕ | ဘယ်လိုမှမလွယ်ပါလား | ၁ |
| ⁕ | တွေးတတ်ပါပေ့ | ၂ |
| ⁕ | စွန့်လွှတ်တတ်သူရဲ့လျှော်ကြေး | ၂ |
| ⁕ | အိမ်ထောင်သက်ရင့်တဲ့ပုံစံ | ၃ |
| ⁕ | အိမ်ထဲကဇာတ်လမ်း | ၄ |
| ⁕ | အဓိကအရေးကြီးတာက | ၅ |
| ⁕ | ယောက္ခမချစ်သူ | ၅ |
| ⁕ | ပြောင်းလဲမရ | ၆ |
| ⁕ | ခွင့်ပြုစရာမလိုဘူး | ၇ |
| ⁕ | တရားခံဘယ်သူလဲ | ၇ |
| ⁕ | အမေတူသား | ၈ |
| ⁕ | မှတ်ဉာဏ်နဲ့ဆွဲတဲ့ပုံတူ | ၈ |
| ⁕ | မေးနေကျမေးခွန်း | ၉ |
| ⁕ | အထင်နဲ့အမြင် | ၁၀ |
| ⁕ | မှတ်ဉာဏ်စစ်ဆေးသူ | ၁၁ |
| ⁕ | အနှစ်နှစ်ဆယ်ရှိပြီ | ၁၁ |
| ⁕ | ခေတ်မီပိန်ဆေးသစ် | ၁၂ |
| ⁕ | လိုချင်တာရပြီးပြီ | ၁၂ |
| ⁕ | ဂုဏ်ယူသူ | ၁၂ |
| ⁕ | မိန်းမဟူသည် | ၁၃ |
| ⁕ | ကဗျာဆန်သောလက်တွေ့ | ၁၄ |
| ⁕ | ပျော်တယ်သားရယ် | ၁၅ |
| ⁕ | အလုပ်နဲ့လက်မပြတ်သူ | ၁၅ |
| ⁕ | အမြင်ချင်းတူနေကြပြီ | ၁၆ |
| ⁕ | စောစောကမပြောဘဲနဲ့ | ၁၆ |
| ⁕ | ဈေးမဝယ်လိုက်လို့ | ၁၇ |
| ⁕ | ဆန္ဒကိုယ်စီ | ၁၉ |
| ⁕ | တစ်ဦးထက်ပိုမိုသောအရှုံးများ | ၂၀ |
| ⁕ | မေ့တတ်လွန်းသူ | ၂၁ |

www.burmeseclassic.com


| | | |
|---|---|---|
| * | ယောက်ျားစကားပါမေရယ် | ၂၂ |
| * | သရဲအစစ်က | ၂၃ |
| * | အအိုချင်းပြိုင်ဘယ်သူနိုင် | ၂၃ |
| * | ချစ်သံယောဇဉ် | ၂၄ |
| * | ချစ်ခြင်းရဲ့အဆုံးသတ် | ၂၄ |
| * | အသင့်တော်ဆုံးမွေးနေ့လက်ဆောင် | ၂၅ |
| * | အမေသစ်လာပြီ | ၂၆ |
| * | အရေးကြီးတဲ့ "ဘာ့ကြောင့်လဲ" | ၂၇ |
| * | ပွင့်ပွင့်လင်းလင်းပြောရရင် | ၂၈ |
| * | စိတ်ညစ်ရခြင်းအကြောင်းရင်း | ၂၉ |
| * | ဒါလေးတစ်ခုတော့ ခွင့်မလွှတ်နိုင် | ၃၀ |
| * | မုဆိုးမရဲ့ရင်ခုန်သံ | ၃၁ |
| * | ကြုံမှပဲပြောတော့မယ် | ၃၂ |
| * | စာအုပ်နဲ့တူတဲ့မိန်းမ | ၃၃ |
| * | ခုမှတော့မထူးတော့ပါဘူး | ၃၄ |
| * | တစ်ဆက်တည်းအခွင့်အရေး | ၃၅ |
| * | မမြင်ဖူးလို့ | ၃၆ |
| * | မှားများနေသလား | ၃၆ |
| * | ဒုတိယအကြိမ်အူအတက်ပေါင်မှု | ၃၇ |
| * | အပြည့်ဝဆုံးလူဆိုတာ | ၃၈ |
| * | ဆေးပြင်းလိပ်မုန်းသူ | ၃၈ |
| * | ရောက်ရှိနေသောနေရာ | ၄၀ |
| * | အကျင့်သစ် | ၄၀ |
| * | ပြန်မပြောသူ | ၄၁ |
| * | သုံးသပ်ချက် | ၄၂ |
| * | တစ်ချက်တည်းပစ်မလို့ပါပဲ | ၄၂ |
| * | မိန်းမပရိယာယ် | ၄၃ |
| * | မမြင်မကြားလျှင် | ၄၃ |
| * | အလုပ်လုပ်ခဲ့သည်မှာ | ၄၄ |
| * | စိတ်ချပါအချစ်ရယ် | ၄၄ |
| * | စီးပွားရေးဆန်ဆန် | ၄၄ |
| * | နမူနာတွေအလကားပေးသူ | ၄၅ |

www.burmeseclassic.com


* ဖလှယ်လိုက်ပုံက ၄၆
* နာမည်ရှာပုံတော် ၄၇
* ဖြည့်ဆည်းလိုသောဆန္ဒမှာ ၄၇
* တွေ့အောင်ရှာပေးပါ ၄၈
* ချီးကျူးစာရဲ့နောက်ဆက်တွဲ ၄၈
* အထက်အရာရှိ ၄၉
* အလုပ်လက်မဲ့ပြဿနာနှင့်စပ်လျဉ်း၍ ၅၀
* လှလိုက်တဲ့အဖြေ ၅၀
* လက်မထပ်ခင်မှာ ၅၁
* မျှဝေခံစား ၅၁
* အရွယ်ညီမျှခြင်းငွေ ၅၂
* အလုပ်အပ်စကား ၅၃
* တစ်ဦးတည်းသောအချစ်ဆုံး ၅၄
* ဆင်ခြေလှလှ ၅၄
* အနီးမဟုတ်တဲ့အဝေး ၅၅
* အံ့ပါရဲ့အချစ်ရာ ၅၅
* ခက်တယ်ဆိုပေမယ့် ၅၆
* ပြောင်းလဲသွားသူ ၅၇
* စိတ်ပညာသင်တန်းသူရဲ့ဒဿန ၅၈
* ချစ်ဖို့ကောင်းတဲ့သူငယ်ချင်း ၅၉
* သူ့ထက်သူ ၆၀
* မရှိရင်လည်းဖြစ်ပါတယ် ၆၁
* ဝတ်စုံဆန်း ၆၁
* သားမက်၏အချစ် ၆၂
* စိုးရိမ်လွန်းသူ ၆၄
* မိန်းမဟူသည် ၆၅
* သူ့တန်ကြေးနှင့်သူ ၆၅
* အလိုရှိသူအတွက် ၆၆
* ကျွေးနိုင်တယ်ဆိုရင် ၆၇
* အမြင်ချင်းမတူ ၆၈
* ပြောင်းလဲသွားသူ ၆၉
* အဖြစ်ဆိုးသူ ၆၉

www.burmeseclassic.com



| | | |
|---|---|---|
| ✱ | ထားတတ်ပါပေ့ရှင်မရယ် | ၇၀ |
| ✱ | မေမေ့စကားနားထောင်သူ | ၇၁ |
| ✱ | မေးဖန်များတော့တစ်မျိုးထင် | ၇၂ |
| ✱ | ရှာမတွေ့ခြင်းအကြောင်းရင်း | ၇၃ |
| ✱ | မဟာ့မဟာပြဿနာ | ၇၄ |
| ✱ | သေချာတဲ့မျက်မြင်သက်သေ | ၇၅ |
| ✱ | ဒယ်ဒီ့ဆုံးဖြတ်ချက် | ၇၆ |
| ✱ | ထူးတော့မထူးပါဘူး | ၇၇ |
| ✱ | ပြန်လည်ဆုံတွေ့တဲ့အထိ | ၇၈ |
| ✱ | စိတ်ဆိုးပြိုင်ပွဲ | ၇၉ |
| ✱ | ဆံပင်အရှည်ဇာတ်လမ်း | ၇၉ |
| ✱ | ငွေရတုဆန္ဒ | ၈၀ |
| ✱ | ကြာတတ်တာတွေမကြာစေဖို့ | ၈၁ |
| ✱ | မူးနေခိုက်မှာ | ၈၁ |
| ✱ | ဩော် ယောကျ်ားရယ် | ၈၂ |
| ✱ | အထင်နဲ့အမြင် | ၈၂ |
| ✱ | အိပ်မက်အဓိပ္ပာယ် | ၈၃ |
| ✱ | အသင့်ကြိုဆိုတတ်သောအချစ် | ၈၄ |
| ✱ | ခံစားလိုသောဆုံးရှုံးမှု | ၈၄ |
| ✱ | အနာဂတ်အရေးကြိုတွေးမိကာမှ | ၈၅ |
| ✱ | ဆုံးဖြတ်ထားသူများ | ၈၆ |
| ✱ | ကံကောင်းသူ၏ဖြေတွေး | ၈၆ |
| ✱ | အကောင်းထဲကအဆိုး | ၈၇ |
| ✱ | အာဂယောကျ်ား | ၈၇ |
| ✱ | ယောက္ခမနဲ့သားမက်ဇာတ်လမ်း | ၈၈ |
| ✱ | ထူးတဲ့အချစ်စကား | ၈၉ |
| ✱ | ပယ်မထားနဲ့အချစ်ရယ် | ၉၀ |
| ✱ | အချစ်ရဲ့ထင်မြင်ချက် | ၉၀ |
| ✱ | ဖြစ်နိုင်ချေရဲ့အလီဘိုင် | ၉၀ |
| ✱ | အဖြေလှလှပေးတတ်လေသူ | ၉၁ |
| ✱ | သူ့အပြစ်နဲ့သူ | ၉၂ |
| ✱ | သူ့အတွေးနဲ့သူ | ၉၃ |

www.burmeseclassic.com


| | | |
|---|---|---|
| * | အချစ်ကိုယ်ကျိုးစားမိလေတော့ | ၉၃ |
| * | ဖုံးဆက်တဲ့မြင်း | ၉၄ |
| * | ခံနိုင်ရည်ရှိသူများ | ၉၅ |
| * | စားလို့ကောင်းပေမယ့် | ၉၆ |
| * | မိန်းမသားများရဲ့ဒုက္ခ | ၉၇ |
| * | ကုသနည်း | ၉၈ |
| * | မေ့နေတဲ့အဖြေစကား | ၉၉ |
| * | လှပတဲ့အဖြေ | ၁၀၀ |
| * | အဖေ့ခြေရာနင်းသောသား | ၁၀၀ |
| * | အတွက်မှားလို့ပါအချစ်ရယ် | ၁၀၁ |
| * | နားလည်ရန်ကြိုးစားသူ | ၁၀၁ |
| * | အချစ်ရဲ့နာမည်ကျော်စရာအခွင့်အရေး | ၁၀၂ |
| * | မကြာချင်ဘဲနှင့် | ၁၀၂ |
| * | မှတစ်ပါးအခြားမရှိ | ၁၀၃ |
| * | ထိုကြောင့်ညီမျှခြင်း | ၁၀၄ |
| * | ပြဿနာမဟုတ်တဲ့ပြဿနာ | ၁၀၄ |
| * | အချစ်ရဲ့စကားဝှက် | ၁၀၅ |
| * | ရှေ့နေကြောက်သူ | ၁၀၆ |
| * | အဆိုးပြိုင်ပွဲ | ၁၀၆ |
| * | အရေးကြီးတဲ့နေရာ | ၁၀၆ |
| * | လက်တွေ့စကား | ၁၀၇ |
| * | အချစ်ရဲ့နောက်ဆက်တွဲဇာတ်လမ်း | ၁၀၈ |
| * | ပြောင်းလဲပေးသူ | ၁၀၈ |
| * | ရင်ခုန်သံကိုမမျှဝေနိုင်သူရဲ့အဖြစ် | ၁၀၈ |
| * | ကွာခြားချက် | ၁၀၉ |
| * | အရေးထဲမှာ | ၁၀၉ |
| * | အချစ်ဥပမာ | ၁၁၀ |
| * | အရေးကြီးဆုံးနေရာ | ၁၁၁ |
| * | ကံဆိုးသူရဲ့ကြေကွဲဇာတ်လမ်း | ၁၁၁ |
| * | အချစ်ရဲ့ကံထူးရှင်များ | ၁၁၂ |

www.burmeseclassic.com





## ဘယ်လိုမှ မလွယ်ပါလား

သဝန်ကြောင်သော ဇနီးသည် သည် သူမ အိမ်သို့ ပြန်ရောက်သည့်ညတိုင်း သေချာစွာ စစ်ဆေးကြည့်ရှုလေ့ရှိသည်။ လင်ဖြစ်သူက ကုတ်အင်္ကျီပေါ်တွင် အဝါရောင်ဆံပင်လေး တစ်ပင် တွေ့လျှင်ပင် မိုးမီးလောင်မတတ်ဖြစ်တတ်သည်။

တစ်ညတွင်မူ သူမသည် ထုံးစံအတိုင်း စစ်ဆေးကြည့်ရှု သော်လည်း ဆံပင်လေးတစ်မျှင်မျှရှာမတွေ့ခဲ့ပါချေ။ ထိုအခါ ရှိုက်ကြီး တငင်ငင်ဖြင့် ပြောလိုက်သည်က . . .

'အို. . . သူအခု ထိပ်ပြောင်,မတွေနဲ့ ကဲနေပြီလား။

ရန်အောင်စာပေ

www.burmeseclassic.com



**တွေးတတ်ပါပေ့**

ကိုနောက်ပိုး ။ ။ 'ဦးလေးရဲ့သမီးကို ကျွန်တော် လက်ထပ်ချင်တယ်'

ဖခင် ။ ။ 'မင်း. . . ငါ့မိန်းမကို တွေ့ပြီး ပြီလား'

ကိုနောက်ပိုး ။ ။ 'ဟုတ်ကဲ့. . . တွေ့ပြီးပါပြီ။ ဒါပေမယ့် ဦးသမီးကိုပဲ ကျွန်တော် ပိုပြီးတော့ သဘောကျပါတယ်။

❁ ❁ ❁



## စွန့်လွှတ်တတ်သူရဲ့ လျော်ကြေး

အမျိုးသမီးကြီးတစ်ဦးတွင် အသက် (၁၄) နှစ်အရွယ် အသက်အကြီးဆုံး ကလေးအပါအဝင် သားသမီး (၁၄) ယောက်ရှိပါသည်။ ထိုအမျိုးသမီးကြီးသည် သူမအားစွန့်ပစ်ထားသော ခင်ပွန်းသည်အား ကွာရှင်းပြီး လျော်ကြေးရယူလိုမှုအတွက် တရားရုံးတစ်ရုံး

www.burmeseclassic.com



တွင် လျှောက်ထားခဲ့သည်။


တရားသူကြီး ။ ။ ‘ခင်ဗျားယောကျ်ားက ခင်ဗျားကို စွန့်ပစ်ထားတာ ဘယ်နှနှစ်ရှိပြီလဲ’

အမျိုးသမီးကြီး ။ ။ ‘၁၃ နှစ်ရှိပါပြီရှင်’

တရားသူကြီး ။ ။ ‘၁၃ နှစ်အတွင်း ဒီကလေးတွေက ဘယ်က နေရောက်လာတာလဲ’

အမျိုးသမီးကြီး ။ ။ ‘သူက ကျွန်မဆီပြန်ပြန်လာပြီး သူဒီလို စွန့်ပစ်ထားတာ စိတ်မကောင်းပါဘူးလို့ ခဏခဏပြောပါတယ်ရှင်’

❀ ❀ ❀



## အိမ်ထောင်သက်ရင့်တဲ့ပုံစံ

အိမ်ထောင်ဦးဇနီးမောင်နှံနှစ်ဦး ပျားရည်ဆမ်းခရီးထွက်လာရာ ဟိုတယ်သို့ရောက်လာသည်။ ခင်ပွန်းဖြစ်သူက မယားအသစ် ကျပ်ချွတ်ကလေးကို လူများဝိုင်းအာရုံပြုမည်ကို ရှက်ရွံ့နေမိသောကြောင့် ဇနီးဖြစ်သူက ပြောလိုက်သည်။

‘ပီတာ၊ ကျွန်မတို့ အိမ်ထောင်သက်ရင့်နေတဲ့ စုံတွဲပုံစံ ဖမ်းလို့မရဘူးလား’


www.burmeseclassic.com



'ဘယ်လိုပုံစံဖမ်းမလဲ' ဟု ပီတာက မေးလိုက်သည်။ အတန်ကြာသည့်တိုင်အောင် အမျိုးသမီးထံမှ အသံထွက်မလာသော အခါ လည်လည်ဝယ်ဝယ်ရှိသော တက္ကစီယာဉ်မောင်းထံမှ အသံထွက်လာသည်။

'ခင်ဗျားတို့ အိမ်ထောင်သက်ရင့်တဲ့သူတွေပုံစံ ဖမ်းချင်တယ်ဟုတ်လား၊ ဒီလိုဆိုလွယ်ပါတယ်မိန်းကလေး၊ ဟိုတယ်ထဲ ဝင်တဲ့အခါ ဝန်စည်စလည်တွေကို ခင်ဗျားကသယ်ပြီး ဝင်လိုက်ပေါ့'

❀ ❀ ❀



## အိမ်ထဲကစာတ်လမ်း

ဝမ်းနည်းစရာကောင်းသော ဖရက်(ဒ်)အဖြစ်က ရှိသေးသည်။

"ခင်ဗျားအိမ်မှာ ဘယ်သူဗိုလ်လဲ"

ဖရက်(ဒ်)က သက်ပြင်းချရင်း ပြောလိုက်သည်။

ရန်အောင်စာပေ

www.burmeseclassic.com



"အင်း၊ ငါ့မိန်းမက ကလေးတွေ၊ အိမ်ဖော်နဲ့ ခွေးကို တာဝန်ယူတယ်။ ငါနိုင်တာကတော့ ငါးမွေးကန်က ရွှေငါးလေးပဲ၊ ငါလုပ်ချင်သလို လုပ်လို့ရတယ်"

❀ ❀ ❀

## အဓိကအရေးကြီးတာက

လက်ထပ်ပြီးစ ဇနီးမောင်နှံနှစ်ဦး စကားပြောနေကြသည်။

အမျိုးသား ။ ။ "ကိုယ့်ရဲ့ဖေဖေကသာ အခုလို စည်းစိမ်ဥစ္စာတွေ ပေးမထားခဲ့ရင် အချစ်ကကိုယ့်ကို လက်ထပ်မှာပဲလား"

အမျိုးသမီး ။ ။ "အို-အချစ်ရယ်။ ဒီစည်းစိမ်တွေကို ထားရစ်ခဲ့သူဟာ ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး။ ဟောဒီက အချစ်ကို လက်ထပ်မှာပေါ့"

❀ ❀ ❀

## ယောက္ခမချစ်သူ

အိမ်ထောင်သည်ဝန်ထမ်းတစ်ဦးသည် ခွင့်လိမ်တိုင်မှုဖြင့် အထက်အရာရှိရှေ့ ရောက်လာသည်။


'မင်းက မင်းယောက္ခမရဲ့ အသုဘကို သွားချင်လို့ ခွင့်တောင်းခဲ့တယ်၊ အခု သူပကတိနေထိုင်ကောင်းကြောင်း ငါသိရတယ်၊ မင်းဘာပြောချင်သလဲ'

'အာစရိခင်ဗျာ၊ ကျွန်တော့်ယောက္ခမအကြောင်း ကျွန်တော် တစ်ခွန်းမှ မပြောခဲ့ပါဘူး၊ ကျွန်တော့်ယောက္ခမ အသုဘကို သွားချင်လိုက်တာလို့ပဲ ကျွန်တော်ပြောခဲ့ပါတယ်'

ဤသို့ဖြင့် သူသည် အမှုမှ ကွင်းလုံးကျွတ်လွတ်ခဲ့သည်။

www.burmeseclassic.com





## ပြောင်းလဲမှု

တွမ်က သူ့မိတ်ဆွေအား ညည်းတွားပြောဆိုနေသည်။

"ကျွန်တော် အိမ်ထောင်ကျခါစက သိပ်ပျော်တာပဲဗျာ၊ ညဘက် ကျုပ်အိမ်ပြန်လာရင် ကျွန်တော့်မိန်းမက ကျွန်တော့်ခြေညှပ်ဖိနပ်ယူလာပေးတယ်၊ ကျွန်တော့်ခွေးလေးက အခန်းပတ်လည်ပြေးပြီး ကျွန်တော့်ကိုဟောင်တယ်၊ အခု ခြောက်နှစ်ကျော်ကြာလာတော့ ပြောင်းလဲကုန်ပြီ။ အခု ကျွန်တော့်ခွေးက ကျွန်တော့်ခြေညှပ်ဖိနပ်ကို ယူလာတယ်၊ ကျွန်တော့်မိန်းမက ကျွန်တော့်ကိုဟောင်တယ်"

ဤတွင် သူ့မိတ်ဆွေက တုံ့ပြန်ပြောလိုက်သည်။

"ဘာလို့ ညည်းတွားနေတာလဲဗျာ၊ အရင်အကျိုးဆောင်မှုအတိုင်းရနေတာပဲ မဟုတ်လား"

ရန်အောင်စာပေ

www.burmeseclassic.com



## ခွင့်ပြုစရာမလိုဘူး

'မင်းမိန်းမကို ထင်ရာလုပ်ခွင့် ပေးထားသလား'

'မပေးပါဘူး ဆရာ၊ ခွင့်ပြုချက်မပါဘဲနဲ့ လုပ်ချင်ရာ လုပ်နေတာပါ'

❀ ❀ ❀



## တရားခံဘယ်သူလဲ

လူနာ ။ ။ 'ဒေါက်တာ ကျွန်တော့်မိန်းမ ညအိပ်မရတဲ့ ရောဂါ ပြင်းပြင်းထန်ထန်သင့်နေတာ ညနှစ် နာရီအထိ မအိပ်ဘဲနေရတဲ့ရက်တွေ အတော်များတယ်။ ကျွန်တော် သူ့အတွက် ဘာလုပ်ပေး သင့်ပါသလဲ'

ဆရာဝန် ။ ။ အိမ်ကိုစောစောပြန်ပေးပါ။

ရန်အောင်စာပေ

www.burmeseclassic.com





## အမေတူသား

မိခင် ။ ။ ‘စကားပြောပြိုင်ပွဲမှာ သားပထမရတယ်ပြောတော့ သားအဖေက ဘာပြောလဲ’

သား ။ ။ ‘ကိုင်း၊ ကိုင်း၊ ကိုင်း. . . မင်းဟာ တစ်နေ့ထက်တစ်နေ့ မင်းအမေနဲ့ ပိုတူလာနေပြီလို့ ပြောတယ် မေမေ’

❀ ❀ ❀

## မှတ်ဉာဏ်နဲ့ဆွဲတဲ့ပုံတူ

ပို့က်ပြတိုက်တွင် ပန်းချီပြပွဲကျင်းပနေစဉ် သူငယ်ချင်းအမျိုး သမီးနှစ်ဦး လာရောက်ကြည့်ရှုသည်။ စွဲဆောင်မှုရှိလှသောပုံတူတစ်ခုကို ကြည့်ပြီးနောက် အမျိုးသမီးတစ်ဦးက ကျန်တစ်ဦးကို

www.burmeseclassic.com




တီးတိုး ဆိုလိုက်သည်။ ကျန်တစ်ဦးက ပုံတူကိုကြည့်ရင်း တအံ့တဩ ဖြစ်သွား သည်။

‘အဲဒီလောက် အံ့အားသင့်လောက်တဲ့ ပုံအတွက် မင်းကိုယ်ဟန်ပြခဲ့တယ်လို့ ဆိုလိုတယ်ပေါ့’

ဤတွင် သူမ သူငယ်ချင်းက အေးဆေးစွာ ပြောလိုက်သည်မှာ . . .

‘မဟုတ်ရပါဘူး၊ သူ့မှတ်ဉာဏ်နဲ့သူ ပြန်ဆွဲထားတာ’

❀ ❀ ❀



**မေးနေကျမေးခွန်း**

အိမ်ထောင်ကျစ ဇနီးမောင်နှံ စကားပြောနေစဉ် ခင်ပွန်းဖြစ်သူ၏ မေးခွန်းကို ဇနီးဖြစ်သူက ဖြေလိုက်သည်။

‘ကျွန်မ အရင်တစ်ခါမှ အနမ်းမခံရပါဘူး ဆိုနေမှပဲ၊ ရှင်တို့ ယောကျ်ားတွေဟာ ဘာလို့အဲဒီမေးခွန်းပဲမေး. . . မေးနေကြလဲ’

ရန်အောင်စာပေ

www.burmeseclassic.com






## အထင်နဲ့အမြင်

အေးဆေးသောဟန်ပန်ရှိသည့် လူငယ်တစ်ဦးက စကား စလိုက်သည်။

'မစ္စတာအာနော်လ်ခင်ဗျ၊ ဒီလိုပါ ဟို. . ဟို. . ကျွန်တော့်ကို'

'အို. . . ဟုတ်ပါ့ ငါ့တူ၊ မင်းသူ့ကို လက်ထပ်နိုင်ပါတယ်'

မစ္စတာအာနော်လ်က အပြုံးဖြင့် ပြန်ပြောလိုက်သည်။

'ဘာ. . . ဘယ်သူ့ကို လက်ထပ်မှာလဲ' ဟု ကောင်လေးက မေးလိုက်သည်။

'ငါ့သမီးကိုပေါ့၊ မင်း အဲဒါကို ဆိုလိုတာ မဟုတ်လား'

'အား. . . အဲဒါ မဟုတ်ပါဘူး'

ကျွန်တော့်ကို ဒေါ်လာငါးရာလောက် ချေးမလားလို့ မေးမလို့ပါ'

ထိုအခါ မစ္စတာအာနော်လ်က ဖြေလိုက်သည်မှာ

'မချေးနိုင်ပါဘူး၊ ငါမင်းကို သိတောင်မသိဘူး'

www.burmeseclassic.com



## မှတ်ဉာဏ်စစ်ဆေးသူ

ဟောလိဝုဒ်မှ မင်းသမီးတစ်ဦးသည် ပဉ္စမအကြိမ်မြောက် အိမ်ထောင်ပြုခဲ့သည်။ လက်ထပ်စာချုပ် ပြုလုပ်ပေးသော စာရေးက မေးလိုက်သည်။

'ခင်ဗျား အရင်အိမ်ထောင်ကျဖူးသလား၊ ကျဖူးရင် ဘယ်သူနဲ့လဲ'

မင်းသမီးက မကျေမနပ်ဖြစ်သွားပြီး၊ ထိုစာရေးကို မေးလိုက်သည်။

'ရှင့်အလုပ်က ဘာလဲ၊ မှတ်ဉာဏ်စစ်ဆေးသူလား'

❁ ❁ ❁

## အနှစ်နှစ်ဆယ်ရှိပြီ

တစ်နေ့တွင် စားပွဲထိုးအမျိုးသမီးတစ်ဦးသည် စေ့စပ်လက်စွပ်တစ်ကွင်းကို ဂုဏ်ယူစွာဝတ်ဆင်ပြီး အလုပ်သို့ ရောက်လာသည်။ စေ့စပ်လက်စွပ်ကို တွေ့သောအခါ လုပ်ဖော်ကိုင်ဖက်ဟောင်းတစ်ဦးက အမျိုးသမီးအား ပျော်ရွှင်ပါစေဟု ဆုတောင်းပေးပြီး တစ်ဆက်တည်းပြောလိုက်သည်။

*'ဒါပေမယ့် မင်းကို ကျုပ်အကြံပေးပါရစေ၊ သူ့အလိုကို မလိုက်နဲ့နော် မင်းရဲ့အခွင့်အရေးတွေကို စောင့်ပေါ့၊ ကျုပ်အိမ်ထောင်ကျတော့ ကျုပ်ယောကျ်ားကို စီးကရက်မသောက်၊ အရက်မသောက်ဖို့ အတင်းအကျပ် တောင်းဆိုခဲ့တယ်။*

ဤတွင်စားပွဲထိုးမိန်းကလေးက တအံ့တဩမေးလိုက်သည်။

*'ဒါဆိုတော့ သူဖြတ်လိုက်လား'*

ထိုအခါ သူမသည် အကြံပေးကာ ဖြေလိုက်သည်မှာ -

*'မသိဘူးလေ သူ့ကိုမတွေ့တာ အနှစ်နှစ်ဆယ်ရှိပြီ'*

ရန်အောင်စာပေ

www.burmeseclassic.com



## ခေတ်မီမိန်းမ

အိမ်ထောင်ကျခါစ အမျိုးသမီးတစ်ဦးသည် သူမ မိခင်ထံသို့ တယ်လီဖုန်း ဆက်နေသည်။

*'ကျွန်မသူ့ကို သည်းမခံနိုင်တော့ဘူးအမေ၊ သူ့အင်မတန်သဘောတူတယ်၊ သူကျွန်မကို အမြဲနှိပ်စက်တယ်၊ ကျွန်မအခုအမေ့ဆီကို ပြန်လာခဲ့မယ်၊ ပြန်ထောင် ပြန်လာပြီအမေရဲ့'*

သူ့မိခင်က မကျေမနပ်ဖြင့် မေးလိုက်သည်။

*'ဒါဖြင့် သူ့ကို ထားခဲ့ပါလား'*

ထိုအခါ ထိုအမျိုးသမီးက ဖြေလိုက်သည်မှာ . . .

*'ထားခဲ့မှာပါ၊ ကျွန်မ ကိုယ်အလေးချိန် သည့်ဆက်ပိုကျဖို့ကို စောင့်နေတာပါ'*

❀ ❀ ❀

## လိုချင်တာရပြီးပြီ

သူငယ်ချင်း အမျိုးသမီးနှစ်ဦး စကားပြောနေကြသည်။

*'မင်းပီတာကို ဘာအတွက် လက်ထပ်ခဲ့တာလဲ'*

*'သူ့ငွေကို လိုချင်လို့လေ'*

*'ဟိုင်း၊ သူ့ကို အခုဘာဖြစ်လို့ ကွာရှင်းပြတ်စဲဖို့ရတာလဲ'*

*'အဲဒီငွေကို ရပြီးပြီလေ'*

❀ ❀ ❀

## ဂုဏ်ယူသူ

အမျိုးသား ။ ။ မင်းငှါကို အရူးလုပ်နေတာလား။

အမျိုးသမီး ။ ။ ရှင့်ကို အရူးလုပ်နိုင်တယ်ဆိုတဲ့ဂုဏ်၊ ကျွန်မဟိုတုန်းကတည်းက ရပြီးသားပါရှင်။

ရန်အောင်စာပေ

www.burmeseclassic.com





# မိန်းမဟူသည်

စမစ်၏ဇနီးသည် ဂျီတိုက်နေသည်။

'ရှင့်မှာ စိတ်ဓာတ်အင်အား မရှိဘူးလား၊ ဂွန်ဆင်ကိုကြည့် စမ်းပါ။ သူ စီးကရက်လဲ မသောက်၊ အရက်လဲ မသောက်တော့ ဘူး'

စမစ်က ထ,အော်လိုက်သည်။

'ကောင်းပြီ၊ ဘယ်သူ့မှာ စိတ်ဓာတ်အင်အား ရှိတာကို ငါပြမယ်၊ ခုချိန်ကစပြီး ငါတို့ သီးခြားအခန်းနဲ့ နေမယ်၊ သီးခြား ကုတင်နဲ့ အိပ်မယ်'

သူတို့ နှစ်ဦးသည် ထိုအစီအစဉ်အတိုင်း သီးတင်းပတ်ပေါင်း များစွာ နေထိုင်ခဲ့ကြသည်။ ထို့နောက် တစ်ညတွင် စမစ်၏

www.burmeseclassic.com



အခန်းတံခါးကို သာသာလေးခေါက်သံ တစ်ချက်ကြားရသည်။


"ဘာလဲကွ"

စမစ်က အော်လိုက်သည်။

ထိုအခါ စမစ်၏ ဇနီးဖြစ်သူအသံ နူးနူးညံ့ညံ့ ခပ်တိုးတိုးလေးပေါ်လာသည်။

"ကျွန်မပါရှင်၊ ဂျွန်ဆင် စီးကရက်ပြန်သောက်နေပြီဆိုတာကို ရှင့်ကို အသိပေးတာပါရှင်"

❀ ❀ ❀



## ကယုကယင်သောလက်တွေ့

အိမ်ထောင်ကျခါစ ဇနီးမောင်နှံသည် ပင်လယ်ကမ်းရိုးတန်းသို့ ပျားရည်ဆမ်းခရီး ထွက်ခဲ့ကြသည်။

တစ်နေ့တွင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် လက်ချင်းချိတ်၍ လမ်းလျှောက်ထွက်နေစဉ် လင်ဖြစ်သူက ပယ်လယ်

www.burmeseclassic.com



ဘက်သို့ လှည့်ကြည့်ရင်း ကဗျာဆန်သော စကားလေးများကို ဖွဲ့သီပြသည်။

'လိမ့်တက်လေ. . အို. . နက်ရှိုင်း၊ ပြာမှောင်တဲ့ သမုဒ္ဒရာ လိမ့်တက်လေ'

သူ့ဇနီးဖြစ်သူက ရေပြင်ကို တဒင်္ဂေငးကြည့်ရင်း တအံ့တသြ လေသံဖြင့် ပြောလိုက်သည်။

'အို-ဖရက်၊ ရှင်တော်လိုက်တာ၊ ပင်လယ်ရေတွေ လိမ့်တက်လာနေပြီ'

❀ ❀ ❀

## ပျော်တယ်သားရယ်

ဇနီးမောင်နှံနှစ်ဦးတွင် သမီးရှစ်ယောက်ရှိခဲ့သည်။ ယခု နဝမြောက်မွေးသော ကလေးမှာ ယောကျ်ားလေးဖြစ်ကြောင်း ကြားသည်နှင့် ခင်ပွန်းဖြစ်သူသည် ခုနစ်ရက်ခုနစ်လီ အားရပါးရကြီး ပျော်ပစ်လိုက်သည်။ သတ္တမြောက်နေ့တွင် တစ်စုံတစ်ယောက်က သူ့ကိုမေးလိုက်သည်။

'ဘယ်သူနဲ့ တူလဲ၊ ခင်ဗျားနဲ့လား၊ ခင်ဗျားမိန်းမနဲ့လား'

အလွန်အမင်း ပီတိဖြာနေဆဲ အမျိုးသားက သဘောကျစွာ ရယ်မောရင်းပြောလိုက်သည်မှာ -

'မဆိုတတ်ဘူး၊ ခုထိသူ့မျက်နှာကို မကြည့်ရသေးဘူး'တဲ့။

❀ ❀ ❀

## အလုပ်နဲ့လက်မပြတ်သူ

'ကျွန်မအိမ်ထောင်ကျတာလေးခါရှိပြီ၊ ကျွန်မကို မိန်းမပေါ့၊ မိန်းမလွယ်လို့ မှတ်နေသလား'

'မမှတ်ပါဘူးကွယ်၊ အလုပ်နဲ့လက်မပြတ်နေတတ်ထိုင်တတ်တဲ့ လူလို့ပဲ မှတ်ပါတယ်'

www.burmeseclassic.com



## အမြင်ချင်းတူနေပြီ

ဘီကီနီ ရေကူးဝတ်စုံသေးသေးလေးကို ဝတ်ဆင်ထားသော ကိုယ်ဟန်ပြမယ်၏ပုံကို ဖော်ပြထားသော မဂ္ဂဇင်းတစ်စောင်၏ ရေကူးဝတ်စုံမျက်နှာဖုံးသည် မျက်လုံးပြူး၍ ကြည့်နေမိသော အမျိုးသားတစ်ဦး၏ အာရုံကို စွဲညှို့ထားလေသည်။ စိတ်အနှောင့်အယှက်ဖြစ်မိသော သူ၏ဇနီးသည်က ပြောလိုက်သည်။ 'အရှက်ကင်းလိုက်တာ. . . ကျွန်မသာ အဲဒီလိုပုံမျိုးဆိုရင် အိမ်ပြင်ကို မထွက်ပါဘူး'

'အမှန်အတိုင်းပြောရရင်တော့ . . . ' လင်ဖြစ်သူ တုန့်ပြန်လိုက်သည်။

'မင်းသာ အဲဒီလိုပုံဆိုရင် ငါလည်း အိမ်ပြင်ထွက်မှာ မဟုတ်ဘူး. . . '

❀ ❀ ❀

## စောစောက မပြောဘဲနဲ့

တစ်နေ့တွင် အမျိုးသမီးတစ်ဦး လမ်းထဲမှာ လမ်းလျှောက်လာသည်။ 'ရပ်လိုက်! ရပ်လိုက်! နောက်တစ်လှမ်းလှမ်းရင် သေပြီသာမှတ်. . .'ဟု တစ်ယောက်ယောက်အော်လိုက်သောအသံကြားလိုက်ရသည်။ သူလည်း ကြောက်ကြောက်နှင့် ရပ်နေလိုက်သည်။ သူ့ရှေ့မှာ အပေါ်ကအုတ်ခဲတစ်လုံး ကျလာပြီး လမ်းပေါ်မှာ ကွဲကြေသွားသည်။ သို့သော် သူလေးငါးမိနစ် ဆက်လျှောက်ပြန်တော့ 'နေဦးလမ်းကိုမကူးနဲ့ဦး. . . ' ဟု အော်သံ ထပ်မံကြားရပြန်သည်။ စတီယာရင်ဘီးကို မထိန်းနိုင်သော ဘီယာပုလင်းတွေတင်လာသည့်ကားက အတင်းမောင်းလာပြီး မီးပွိုင့်ကို ဖြတ်ဝင်သွားသည်။ ထိုအမျိုးသမီးက တုန်တုန်ယင်ယင်နှင့် “ရှင်ဘယ်သူလဲ. . . ” ဟု အော်မေးလိုက်

www.burmeseclassic.com



သည်။ ဤတွင် သူကြားလိုက်သောအသံမှာ "ငါဟာ မင်းရဲ့ ကိုယ်စောင့်နတ်ပေါ့ကွာ. . . မင်းကို ငါစောင့်ရှောက်ရမယ့်တာဝန် ရှိတယ်. . . ဒါနဲ့ နေပါဦး မင်းငါ့ကို ဘာများမေးချင်သေးလဲ. . . " ဟု ပြန်ပြောသည်။

ထိုအမျိုးသမီးက ပြန်ဖြေလိုက်သည်။ "မေးစရာရှိ တာပေါ့ရှင်. . . ကျွန်မအခုလူနဲ့ အိမ်ထောင်ကျပြီး လက်ထပ်တုန်းက လက်ထပ်ပွဲနေ့မှာ ရှင်ဘယ်ရောက်နေလို့ မတားခဲ့တာလဲရှင်. . . "

❀ ❀ ❀



## ဈေးမဝယ်လိုက်လို့

အမျိုးသမီးတစ်ဦး ဝယ်လိုသော ပစ္စည်းများကို ထုတ်ပိုး ပေးပြီးနောက် ကျွန်မက 'ငွေသားပေးမှာလား. . . ချက်လက်မှတ်

www.burmeseclassic.com



ပေးမှာလား. . . အကြွေကတ်ပေးမှာလား’ ဟု မေးလိုက်သည်။ အမျိုးသမီးသည် ပိုက်ဆံအိတ်ကို မွှေနှောက်နေစဉ် ပိုက်ဆံအိတ်ထဲတွင် တီဗီအဝေးထိန်း ကရိယာတစ်ခုကို ကျွန်မမြင်လိုက်သည်။

“တီဗွီအဝေးထိန်းကရိယာကို ရှင်အမြဲတမ်းဆောင်ထားတာပဲလား”

“မဟုတ်ပါဘူး၊ ကျွန်မယောကျ်ားက ကျွန်မနဲ့ ဈေးဝယ်လိုက်ဖို့ ငြင်းတယ်လေ၊ ဒါ့ကြောင့်မို့လို့ ဒီလိုလုပ်တာပေါ့၊ ဒါဟာကျွန်မလုပ်နိုင်တဲ့ အယုတ်မာဆုံး အလုပ်ပါပဲ”

❀ ❀ ❀

www.burmeseclassic.com





**ဆန္ဒကိုယ်စီ**


"ရှင်တော်တော် အကျင့်တန်ပါလား. . . ရှင်သာ ကျွန်မ ယောကျ်ားဆို ရှင့်ကို အဆိပ်ကျွေးသတ်မိပြီမှတ်. . ."

"အေး. . . ကောင်းပြီ. . . ငါလည်း မင်းယောကျ်ားဆိုရင် အဲဒီအဆိပ်ကို မင်းမကျွေးခင်ထဲက သောက်ပြီးပြီကွ. . ."

ရန်အောင်စာပေ

www.burmeseclassic.com





## တစ်ဦးထက်ပိုသောအရူးများ

ဇနီးဖြစ်သူက စာအုပ်တစ်အုပ်ကိုဖတ်ပြီး မကျေနပ်စွာဖြင့် သူ့ယောက်ျားကို ပြောလိုက်သည်။

'ယောက်ျားတစ်ယောက်ဟာ အမှားတစ်ခုကျူးလွန်မိရင် ဒီလူဟာ အရူးတစ်ယောက်ပဲလို့ပြောကြတယ်။ မိန်းမတစ်ယောက်ဟာ အမှားတစ်ခုပြုလုပ်မိရင်တော့ မိန်းမတွေက အရူးတွေချည်းပဲလို့ ပြောကြတယ်။

ရန်အောင်စာပေ

www.burmeseclassic.com





## မေ့တတ်လွန်းသူ

ခင်ပွန်းကဇနီးအား မိမိတွင် မကြာမီက မှတ်သားထားသော အကြောင်းအချက်များ မေ့လျော့သည့်ဝေဒနာဖြစ်နေကြောင်း ပြောပြ၏။ ဇနီးကလည်း မိမိမှာလည်း ထိုဝေဒနာဖြစ်နေကြောင်း ပြောပြီး ထိုဝေဒနာကို ကုသနိုင်သည့် အထူးကုဆရာဝန်တစ်ယောက်ထံ ဇနီးမောင်နှံအတူတကွသွားရောက်ကြ၏။

တစ်လနှစ်လခန့်ကြာသောအခါ ခင်ပွန်းက သူ၏ မိတ်ဆွေအား ထိုဆရာဝန်၏ ကုသနည်းက ကောင်းမွန်ထိရောက်ကြောင်း ပြောပြနေသဖြင့် ထိုမိတ်ဆွေက မိမိလည်း ထိုသို့သတိမေ့ရောဂါဖြစ်နေကြောင်း၊ မည်သည့်ဆရာဝန်ဖြစ်သည်ကို သိလိုကြောင်း မေးမြန်း၏။

ထိုအခါသူက မိတ်ဆွေအား 'အင်း-နေဦး ပထမဆုံး ကျုပ်ကို ကူညီပါဦး၊ ဟိုဟာဘာပန်းလဲဗျာ၊ အရိုးရှည်ရှည် ဆူးတွေနဲ့လေ၊ မွှေးလည်းမွှေးတယ်လေဗျာ၊ အင်း. . . ဘာပန်းပါလိမ့်ဗျာ' ဟု

www.burmeseclassic.com




မေးလိုက်လေ၏။

'နှင်းဆီပန်းလေဗျာ၊ နှင်းဆီပန်းလေဗျာ'

'ဟာ. . . ဟုတ်ပြီ၊ ဟုတ်ပြီ ကျေးဇူးပဲ။ ပထမဆုံး ဒီ. . . ဆိုတဲ့ နာမည်မေ့နေတာဗျ။ ဟေ့. . ရေ၊ မိန်းမရေ. . လုပ်ပါဦးကွာ၊ တို့နှစ်ယောက်သွားပြတဲ့ ဆရာဝန်ရဲ့နာမည်ဘယ်သူလဲကွ'။

❁ ❁ ❁



## ယောကျ်ားစကားပါမေရယ်

'ဒီမှာ ရှင်ခုနကပြောခဲ့တယ်နော်၊ ကျွန်မကသာ ရှင့်အချစ်ကို လက်မခံဘူးဆိုရင် ရှင်ကိုယ်ရှင်သတ်သေမယ်ဆိုတာလေ တကယ်လား'

'တကယ်ပေါ့ကွာ၊ မယုံလို့လား၊ ဒါဟာကိုယ့်ရဲ့ ပြောနေကျစကားပဲလေ'။

ရန်အောင်စာပေ


www.burmeseclassic.com



## သရဲအစစ်က

ဇနီး ။ ။ 'မောင်သိလားဟင်၊ ကျွန်မကိတ်မုန့်သိမ်းထားတဲ့ နေရာနဲ့ အနီးဆုံးအမှောင်ထဲမှာ သရဲတစ်ကောင် ရှိတယ်။'

ခင်ပွန်း ။ ။ ကိတ်မုန့်ပျောက်တာများ သရဲကိုအပြစ်တင်ရ တယ်လို့အချစ်ရာ၊ မှတ်ထား၊ အဲဒီသရဲက ငါပဲကွ'။



## အဒိုချင်းပြိုင် ဘယ်သူနိုင်

ကျွန်တော်တို့သည် ရှေးဟောင်းပစ္စည်းအရောင်းဆိုင် တစ်ဆိုင်၌ စာအုပ်ကိုလှန်လှော၍ ကြည့်ကြရာ လေမှုတ်ကရိယာ တစ်ခုကိုတွေ့ရသည်။ ကျွန်တော်က ယင်းပလွေကို မှုတ်ချင်သည့် စိတ်အမြဲရှိနေသည်။ သို့သော် မိန်းမဖြစ်သူက ပလွေလေမှုတ်ကရိယာ

www.burmeseclassic.com



မှုတ်ဖို့သင်ရင် ကျွန်တော်သိပ်ပြီး အိုနေမလားလို့ မေးလိုက်ပါသည်။ သူက ပြောပါသည်။

'ရှင်ဒါကိုသင်ဖို့ သိပ်မအိုသေးပါဘူး။ ဒါပေမယ့် ကျွန်မကတော့ ရှင်ကြိုးစားသင်နေတာကို နားထောင်ဖို့ သိပ်အိုနေပြီလေ'။

❀ ❀ ❀

## ချစ်သံယောဇဉ်

လင်နှင့်မယား ရန်ဖြစ်နေကြသည်။

'ကျွန်မကတော့ ရှင့်ကိုစိတ်ကုန်နေပြီ။ သေသာသေလိုက်ချင်တယ်'

'ငါလဲမင်းနဲ့အတူ လိုက်သေရပါလိမ့်မယ်ကွာ'

'ဩော် ရှင်သေမယ်လား၊ ဒါဆို ကျွန်မသေစရာ မလိုတော့ပါဘူးပေါ့'။ ။

❀ ❀ ❀

## ချစ်ခြင်းရဲ့ အဆုံးသတ်

'ချစ်သူဘဝရဲ့ အဆုံးသတ်ဟာ လက်ထပ်ခြင်းဆိုရင် လက်ထပ်ခြင်းရဲ့ အဆုံးသတ်ကကော'

'ကွာရှင်းပြန်စဲခြင်းပဲပေါ့'

❀ ❀ ❀

www.burmeseclassic.com





## အသင့်တော်ဆုံးမွေးနေ့လက်ဆောင်

ကျွန်မသည် ရွှေနှင့်မတည့်လာကတည်းက လက်ထပ်လက်စွပ် အသစ်ကိုလိုချင်သည်ဟု လပေါင်းများစွာ အရိပ်အမြွက် ပြောကြားခဲ့လေသည်။ ကျွန်မမွေးနေ့ရောက်လာတော့ ကျွန်မ ဥယျာဉ်စိုက်ပျိုးနေသော အတောအတွင်းမှာ ကျွန်မယောကျ်ားက မွေးနေ့လက်ဆောင်ဘာလိုချင်လဲဟု မေးခဲ့ပါသည်။ ကျွန်မလည်း ကျွန်မလက်တွေကို မြှောက်ပြပြီး ပြောလိုက်သည်။

'ဟုတ်တယ်နော် ကျွန်မလက်မှာ ဘာမှမရှိဘူးဆိုတာ ရှင်သတိထားမိပါလိမ့်မယ်'

မကြာမီ ယင်းညနေမှာ ကျွန်မသည် ကျွန်မအတွက် လက်ဆောင်ကို စိတ်ဝင်တစား စတင်ဖွင့်လှစ်လိုက်သည်။

'ပျော်ရွှင်စရာမွေးနေ့ပါပဲ' သူကလှမ်းအော်လိုက်သည်။


ရန်အောင်စာပေ

www.burmeseclassic.com



ထို့နောက် ကျွန်မမြင်တွေ့လိုက်ရသည်ကတော့ ဉယျာဉ်သုံး လက်အိတ်တစ်စုံပဲဖြစ်ပါသည်။

❀ ❀ ❀



## အမေသေစ်လာပြီ

တစ်နေ့တွင် ကလေးငယ်လေးယောက်နှင့် မအားမလပ်ဖြစ်နေသော မိန်းမသားတစ်ယောက်သည် အလွန်အံ့အားသင့်သွားရသည်။ သူမယောကျ်ားက အိမ်ကိုလက်ဆောင်တစ်ခု သယ်လာသည်။ ချစ်စရာကောင်းသော ခွေးငယ်ငယ်လေးတစ်ကောင် ဖြစ်သည်။ သူမ၏ ကလေးများအားလုံးက စိတ်ဝင်တစားနှင့် စိတ်လှုပ်ရှားနေကြပြီး ဒီခွေးလေးကို ဘယ်လိုနာမည်ပေးရမလဲဟု သူမကို မေးကြသည်။

ရန်အောင်စာပေ

www.burmeseclassic.com



သူမ ပြောလိုက်သည်မှာ . . .

"ဟော့သူ့ကို မင်းတို့အမေလို့ပဲ ခေါ်လိုက်ကြတော့။ ဘာဖြစ်လို့လဲဆိုတော့ ဒီခွေးလာနေမယ်ဆိုရင် ငါတော့ထွက်သွားရမှာပဲ"။ ။

❀ ❀ ❀



## အရေးကြီးတဲ့ "ဘာကြောင့်လဲ"

အရာရှိမင်းက လျှောက်လွှာရှင်ကို အင်တာဗျူးမေးနေသည်။

အရာရှိမင်း ။ ။ "မင်း လူပျိုလား၊ အိမ်ထောင်သည်လား

လျှောက်လွှာရှင် ။ ။ အိမ်ထောင်သည်ပါခင်ဗျား

ရန်အောင်စာပေ

www.burmeseclassic.com



အရာရှိမင်း ။ ။ မင်းဘယ်မှာ လက်ထပ်ခဲ့တာလဲ။
လျှောက်လွှာရှင် ။ ။ ကျွန်တော်မသိပါဘူး။
အရာရှိမင်း ။ ။ မင်းဘယ်မှာလက်ထပ်ခဲ့တာ မသိဘူးလား။
လျှောက်လွှာရှင် ။ ။ ဟို. . . လူကြီးမင်းပြောတာ "ဘာကြောင့်လဲ" လို့ ကျွန်တော်တွေးမိလို့ပါ။ ။

❀ ❀ ❀


## ပွင့်ပွင့်လင်းလင်းပြောရှင်

အိမ်ထောင်ကျခါစ ဇနီးမောင်နှံနှစ်ဦး စကားပြောနေကြသည်။

အိမ်ထောင်ဦးလင် ။ ။ "မင်းကို ပွင့်ပွင့်လင်းလင်းပြောမယ် အချစ်၊ မင်းဟာကိုယ်နမ်းတဲ့ ပထမဦးဆုံး မိန်းကလေးမဟုတ်ဘူး"
အိမ်ထောင်ဦးမယား ။ ။ "ကျွန်မလဲ ပွင့်ပွင့်လင်းလင်း ပြောပါ့မယ်၊ ရှင်မနမ်းတတ်သေးဘူး"

www.burmeseclassic.com





## စိတ်ညစ်ရခြင်းအကြောင်းရင်း

တိုနီနှင့် မိုက်ကယ်စကားပြောနေကြသည်။

တိုနီ ။ ။ "ဟေ့ - မိုက်ကယ်၊ မင်းကြည့်ရတာ စိတ်မကောင်းဖြစ်နေပုံပဲ"

မိုက်ကယ် ။ ။ "ငါ့မိန်းမက ငါ့ကိုရက်ပေါင်း သုံးဆယ် တိတိ စကားမပြောဘဲ နေမယ်လို့ ပြော ထားလို့ကွ"

တိုနီ ။ ။ "အို၊ ဒါ့ကြောင့် စိတ်မကောင်း ဖြစ်နေတာ လား"

မိုက်ကယ် ။ ။ "မဟုတ်ပါဘူးကွာ၊ ဒီနေ့က ရက်သုံးဆယ် ပြည့်တဲ့ နေ့မို့လို့ စိတ်ညစ်နေတာပါ။"

ရန်အောင်စာပေ

www.burmeseclassic.com





## ဒါလေးတစ်ခုတော့ ခွင့်မလွှတ်နိုင်

ဩစတြေးလျနိုင်ငံ တရားရုံးတွင်ဖြစ်သည်။ တရားသူကြီးက ခင်ပွန်းသည်နှင့် ကွာရှင်းလိုသော အမျိုးသမီးအားမေးခွန်းများ ထုတ်နေသည်။

တရားသူကြီး ။ ။ "ခင်ဗျားအမျိုးသား အိပ်ရာက နိုးလာရင် ခင်ဗျားကို ပထမဆုံး ဘာပြောလို့စိတ်ပျက်ရတာလဲ"

အမျိုးသမီး ။ ။ "သူအိပ်ရာနိုးလာရင် ငါဘယ်ရောက်နေလဲ ကေသီရယ်လို့ အမြဲမေးပါတယ်ရှင်"

တရားသူကြီး ။ ။ "ဒီလိုဆိုခင်ဗျားက သူ့ကိုဘာကြောင့် စိတ်ပျက်ရတာလဲ"

အမျိုးသမီး ။ ။ "ကျွန်မနာမည်က ဆူဆန်ရှင့်"

ရန်အောင်စာပေ

www.burmeseclassic.com



## မုဆိုးမရဲ့ ရင်ခုန်သံ

ယောက်ျားဆုံးပြီးခါစ မုဆိုးမနှစ်ဦးသည် သူတို့တိုက်ဘေးသို့ အသစ်ပြောင်းလာသော အမျိုးသားတစ်ဦး၏ အကြောင်းကို သိချင်နေကြသည်။

'သူ့ကြည့်ရတာ မပျော်သလိုပဲနော်၊ သူ့အကြောင်းကို မေးပေးပါ' ဆိုပြီး မုဆိုးမတစ်ဦးက နောက်တစ်ဦးအား မေးခိုင်းလိုက်သည်။

မိတ်ဆက်စကားပြောပြီးနောက် 'ရှင့်ကြည့်ရတာ မပျော်သလိုပဲနော်၊ ဘာဖြစ်လို့လဲ' ဟု မေးလိုက်သည်။

'ကျွန်တော်က ထောင်ထဲမှာ အနှစ်နှစ်ဆယ်တောင် နေခဲ့ရတာဗျာ'

'အို. . . ဟုတ်လား၊ ဘာဖြစ်လို့ထောင်ကျတာလဲဟင်'

'ကျွန်တော့်ရဲ့ တတိယဇနီးကို လည်ပင်းညှစ်သတ်မိလို့ပါ'

'အိုး-ရှင့်ရဲ့ ဒုတိယဇနီးနဲ့ကရော'

'သူ့ခမျာလဲ ကျွန်တော်သေနတ်နဲ့ ပစ်သတ်လို့သေသွားပြီ'

'ဒါဆိုရင် ပထမဇနီးရော ဘယ်မှာလဲရှင်'

'ကျွန်တော်တို့နှစ်ဦး ရန်ဖြစ်ရင်း ဆယ်ထပ်တိုက်ပေါ်က ပြုတ်ကျပြီး သေသွားပြီ'

ဤတွင် အမျိုးသမီးက သူ့သူငယ်ချင်းကို လှည့်၍ ဝမ်းသာအားရ အော်ပြောလိုက်သည်မှာ. . .။

'ဟေ-သတင်းကောင်းပဲ၊ သူ့မှာအခု ဇနီးမရှိတော့ဘူးတဲ့'

www.burmeseclassic.com





## ကြံ့မှုပဲပြောတော့မယ်

စကားကို ဗျစ်တောက်ဗျစ်တောက်နှင့် ပေါက်ပေါက်ဖောက်သလို ပြောတတ်သော ဇနီးကြောင့် စိတ်ညစ်နေသော အမျိုးသားတစ်ဦးသည် သူ၏မိသားစု ဆရာဝန်ထံ ဖုန်းဆက်လိုက်သည်။

"ဒေါက်တာ၊ ကျွန်တော့်ဇနီး ပါးစပ်ဟမရဘူး၊ စကားမပြောနိုင်ဘူးဖြစ်နေတယ်"

"ဒါဆိုရင် မေးခိုင်ပိုးကြောင့်ပဲ ဖြစ်ရမယ်"

ဤတွင် စိတ်သက်သာရာရသွားပုံရသော ထိုအမျိုးသားက ထပ်ပြောလိုက်သည်။

'ဒေါက်တာက အဲဒီလို ထင်သလား၊ ဒါဆိုရင် တော်သေးတာပေါ့။ ဒီလိုဆိုရင် ရှေ့အပတ်ထဲကျမှပဲ ဒေါက်တာအားတဲ့အချိန်မှာ ကြုံမှပဲ ဝင်ကြည့်ပေးပါနော်'

ရန်အောင်စာပေ

www.burmeseclassic.com





**စာအုပ်နဲ့တူတဲ့မိန်းမ**

အမျိုးသားတစ်ဦးက သူ့မိတ်ဆွေကို ညည်းပြနေသည်။

'ကျွန်တော့်မိန်းမကို ကျွန်တော်စာအုပ်တစ်အုပ်လိုဖတ်ရှု လို့ရတယ်၊ ဒါပေမယ့် အလွယ်တကူ ပြန်ပိတ်ရခက်တယ်ဗျာ'

ရန်အောင်စာပေ

www.burmeseclassic.com



## ခုမှတော့မထူးတော့ပါဘူး

လူတစ်ယောက်သည် လေယာဉ်ထွက်ခွာခါနီးအချိန်တွင် အပြေးအလွှားတက်လာသည်။ လေယာဉ်ပေါ်တွင် နေရာလွတ် အနည်းငယ်သာကျန်ရှိရာ သူကတစ်နေရာတွင် ဝင်ထိုင်လိုက်သည်။ ထိုသူကငြိမ်သက်စွာထိုင်နေသော်လည်း သူနှင့်ကပ်လျက်ထိုင်နေသော အမျိုးသမီးကြီးကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေပုံရ၏။ ပါးစပ်ကပွစိပွစိလုပ်နေပြီး ရေအိမ်ခန်းသို့ မကြာခဏထသွားနေသည်။ ထိုသူထံမှ စကားတစ်လုံးမှ ထွက်မလာချေ။ လေယာဉ်မယ်လေးက ထိုအဖြစ်ကိုသတိပြုမိ၍ ထိုသူကိုအားနာလာသည်။ ထို့ကြောင့် အခြားထိုင်ခုံသို့ ရွှေ့ပြောင်းလိုခြင်း ရှိမရှိ တိုးတိုးလေး မေးလိုက်သည်။ ထိုသူက ပြန်ဖြေလိုက်သည်မှာ -

'ကျုပ် မိန်းမက ကျုပ်ကိုဒီလိုကလိလာတာ နှစ်ပေါင်း နှစ်ဆယ်ရှိပြီ၊ အခုမှ တစ်နေရာစီခွဲနေလို့ မထူးပါဘူး'

❀ ❀ ❀

www.burmeseclassic.com





## တစ်ဆက်တည်းအခွင့်အရေး

တရားသူကြီး ။ ။ ‘ခင်ဗျားမိန်းမကို ရိုက်ဖြစ်အောင် ခင်ဗျားကို ဘာက စေ့ဆော်လိုက်သလဲ’

တရားခံ ။ ။ ‘သူက ကျွန်တော့်ကို ကျောခိုင်းလျက်အနေအထားရှိခဲ့ပါတယ်၊ တံမြက်စည်းတုတ်ဟာလည်း အလွယ်တကူ ရှိနေပါတယ်၊ နောက်တံခါးကလဲ ပွင့်နေခဲ့တယ်၊ ဒါနဲ့ ကျွန်တော်လဲ ဒီအခွင့်အရေးကို လက်လွှတ်လို့မဖြစ်ဘူးလို့ ယူဆလိုက်တယ်’

ရန်အောင်စာပေ

www.burmeseclassic.com



## မမြင်ဖူးလို့

လူငယ်တစ်ဦးသည် သူ့အရာရှိ၏ အခန်းတံခါးကိုခေါက်၍ဝင်သွားပြီးနောက် ပြောလိုက်သည်။

'ကျွန်တော် ခွင့်ယူချင်လို့ပါ ဆရာရယ်။ ကျွန်တော်လက်ထပ်ပြီး ပျားရည်ဆမ်းခရီး ထွက်ချင်လို့ပါ'

ဆရာဖြစ်သူက မော့ကြည့်ပြီး ပြောလိုက်သည်။

'မင်းပျားရည်ဆမ်းခရီးအတွက် ခွင့်ဘယ်လောက် လိုချင်လို့လဲ'

လူငယ်လေးမှာ စိတ်လှုပ်ရှားစွာဖြင့် ထစ်ထစ်ငေါ့ငေါ့ပြန်ဖြေလိုက်သည်။

'ဘယ်လောက်. . . ဘယ်လောက် ယူသင့်တယ်ထင်ပါသလဲ ဆရာ'

ထိုအခါ ဆရာဖြစ်သူက ပောက်ထည့်လိုက်သည်။

'ငါဘယ့်နှယ်သိမလဲ၊ သတို့သမီးကိုမှ မမြင်ဖူးဘဲ'

❀ ❀ ❀

## မှားများနေသလား

ဘဝတစ်လျှောက်လုံး ချို့တဲ့စွာ ရှင်သန်ခဲ့ရပြီး စိတ်မချမ်းမသာဖြင့် ကွယ်လွန်သွားသော လူတစ်ဦးအသုဘ အခမ်းအနားတွင် ဓမ္မဆရာသည် ထိုသူ၏ဂုဏ်ပုဒ်များ ကောင်းကွက်များကို ချီးမွမ်းခန်းဖွင့်နေသည်။

ထိုအခါ ကွယ်လွန်သူ၏ ဇနီးသည် သူ့သမီးနားကပ်၍ လေသံဖြင့် ပြောလိုက်သည်။

'သမီးအခေါင်းထဲသွားကြည့်စမ်း၊ နင့်အဖေမှဟုတ်ရဲ့လား'

www.burmeseclassic.com





## ဒုတိယအကြိမ်အူအတက်ပေါက်မှု

စိုးရိမ်ပူပန်နေသော အမျိုးသားတစ်ဦးသည် ဆရာဝန်ထံသို့ နံနက်သုံးနာရီတွင် တယ်လီဖုန်း ဆက်လိုက်သည်။

'ဆရာအခုချက်ချင်းလာနိုင်မလား၊ ကျွန်တော့်မိန်းမ အူအတက်ပေါက် ရောဂါဖြစ်နေတယ်'

'မဖြစ်နိုင်ဘူး၊ သူ့ကိုကွန်နစ်ဆိုဒါ နည်းနည်းလောက် တိုက်လိုက်ပါ၊ သူပြန်ပြီး အိပ်ပျော်သွားပါလိမ့်မယ်'

'ဒါပေမယ့် ဆရာရယ်၊ ကျွန်တော်တကယ်အဟုတ် ပြောနေတာ။ ကျေးဇူးပြုပြီး အိမ်ကိုကြွခဲ့ပါဆရာ'

'ဒီမှာ မစ္စတာဖီးလစ်၊ လွန်ခဲ့တဲ့သုံးနှစ်က ခင်ဗျားရဲ့ ဇနီးကို ခွဲစိတ်ပြီး အူအတက်ထုတ်ခဲ့တယ်။ ဒုတိယအကြိမ် အူအတက်ပေါက်တဲ့သူ ကြားဘူးလား'

'ဆရာရေ ကျွန်တော်ဒုတိယဇနီးယူထားတယ် ဆိုတာရော ကြားဘူးလား'

ရန်အောင်စာပေ

www.burmeseclassic.com



## အပြည့်အဝဆုံးလူဆိုတာ

တရားပွဲတစ်ခုတွင် ဓမ္မဆရာသည် လူသားတို့၏ ပျော့ညံ့မှု အကြောင်း ယေဘုယျပြောကြားပြီးနောက် ရုတ်တရက် မေးမြန်း လိုက်သည်။

'အပြည့်ဝဆုံးလူဆိုတာ ဘယ်လိုလူလဲ၊ အဲဒီ လူစား ရှိရဲ့လား၊ အပြည့်ဝဆုံး လူကိုမြင်ဖူးတဲ့ သူရှိရင်ပြောပြစမ်းပါ'

ဤတွင် သေးသေးညှက်ညှက် လူတစ်ဦးက မရဲတရဲထ လိုက်သည်။ ဓမ္မဆရာက သူ့ကို တအံ့တသြကြည့်လိုက်သည်။

'နေပါဦး၊ ခင်ဗျားက အပြည့်ဝဆုံးလူကို မြင်ဖူးတယ်၊ သိတယ်ပေါ့'

'အသေအချာသိပါတယ်ဆရာ'

'သူဘယ်သူများဖြစ်မလဲ'

တဒင်္ဂမျှ တိတ်ဆိတ်သွားပြီးနောက် ထိုသူက စိတ်အား ထက်သန်စွာဆိုလိုက်သည်။

'ကျွန်တော့်မိန်းမရဲ့ ပထမယောကျ်ားပါ'

❀ ❀ ❀


## ဆေးပြင်းလိပ်မုန်းသူ

တစ်ခါတုန်းက ဂျက်လေယာဉ်ပျံခရီးစဉ် တစ်ခုတွင် ခရီးသည် အမျိုးသားတစ်ဦးသည် ဆေးပြင်းလိပ်တစ်လိပ် မီးညှိရန် ဟန်ပြင်နေခဲ့သည်။ လေယာဉ်ပျံပေါ်တွင် ဆေးပြင်းလိပ်သောက်ခွင့် မပြုကြောင်း မိမိဘေးမှ ခရီးသည်ခွင့်ပြုခဲ့လျှင် သောက်လို့ရကြောင်း လေယာဉ်မယ်က အပြေးအလွှားလာရောက် ရှင်းပြသည်။

ထို့နောက် လေယာဉ်မယ်သည် ထိုအမျိုးသား၏နံဘေး တွင် ထိုင်နေသော အမျိုးသမီးကြီးကို မေးလိုက်သည်။

www.burmeseclassic.com





'အဒေါ်ကြီးကန့်ကွက်ပါသလား'

'ကျွန်မတော့ဆေးပြင်းလိပ်ဆို အရမ်းမုန်းတာပဲ' ဟု အမျိုးသမီးကြီးက ခပ်ပြတ်ပြတ်ဖြေလိုက်သည်။

ထိုအခါ လေယာဉ်မယ်က အကြံပြုလိုက်သည်။

'ဟိုရှေ့ဘက်ပိုင်းက အမျိုးသားတွေကတော့ ဆေးပြင်းလိပ်သောက်တာ ကန့်ကွက်လိမ့်မယ်မထင်ဘူး'

ထိုအမျိုးသားသည် အရှေ့ဘက်ပိုင်းသို့ ထွက်ခွာသောအခါ အမျိုးသမီးကြီးက လေယာဉ်မယ် ဘက်သို့လှည့်၍ပြောလိုက်လေသည်။

'အဲဒီလူနဲ့ ကျွန်မအိမ်ထောင်ကျခဲ့တာ နှစ်ပေါင်း (၃၀)ရှိပြီ ခုထိသူရဲ့ဆိုးဝါးလှတဲ့ ဆေးပြင်းလိပ်သောက်တဲ့ အကျင့်ကို မဖျောက်သေးဘူး'

❀ ❀ ❀

www.burmeseclassic.com



## ရောက်ရှိနေသောနေရာ

မီယာမီဟိုတယ်တွင် ဖြစ်ပါသည်။ အမျိုးသမီးတစ်ဦးသည် ယင်းဟိုတယ်သို့ အခန်းတစ်ခုအတွင်းသို့ ဝင်ရောက်သွားသောအခါ ထင်ရှားသောနိုင်ငံခေါင်းဆောင်တစ်ဦး အတွေးနက်နေပုံဖြင့် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်ကို တွေ့မြင်ရသည်။ သူမည်သည့်အတွက် ဤနေရာသို့ ရောက်နေသနည်းဟု သူမကမေးလိုက်သည်။

'ကျုပ် မိနစ်အနည်းငယ် ကြာရင် မိန့်ခွန်းပြောရမယ်' ဟု ထိုသူက ပြန်ပြောလိုက်သည်။

'မိန့်ခွန်းမပြောခင် ရှင်ဒီလိုပဲ စိတ်လှုပ်ရှားလေ့ရှိလား'

'ကျုပ်ဘယ်တော့မှ စိတ်မလှုပ်ရှားပါဘူး'

ထိုအခါ အမျိုးသမီး၏ စကားတစ်ခွန်းကြောင့် ထိုပုဂ္ဂိုလ်ကြီး အံ့အားသင့်သွားလေတော့သည်။

'ဒါဖြင့် အမျိုးသမီး အိမ်သာထဲမှာ ရှင်ဘာလာ လုပ်နေတာလဲ'

❀ ❀ ❀

## အကျင့်သစ်

အမျိုးသမီးနှစ်ဦးသည် ဈေးဝယ်ရင်း ရပ်တန့်စကားပြောဆိုနေမိခဲ့ကြသည်။ ပထမအမျိုးသမီးက ပြောလိုက်သည်။

"ရှင့် ယောက်ျားက ရှင့်ကို မရိုက်တော့ဘူး မဟုတ်လား၊ တရားသူကြီးက သူ့ကို ဒဏ်ငွေငါးဆယ် ရိုက်လိုက်ကတည်းက မှတ်သွားတယ်မဟုတ်လား"


ထိုအခါ ဒုတိယအမျိုးသမီးက ပြန်ဖြေလိုက်သည်။

www.burmeseclassic.com



"ရိုက်ဖို့နေနေသာသာ၊ လက်ဖျားနဲ့တောင် မတို့ရဲဘူး၊ ဒါပေမယ့် အခုသူ့မှာ အကျင့်သစ်တစ်ခုရှိနေတယ်၊ ကျွန်မကို မကျေနပ်တဲ့အခါ ကျွန်မကို စူးစူးရဲရဲကြည့်ပြီး စုဘူးထဲကို ငွေငါး ဆယ်ထည့်လိုက်ရော. . ."

❀ ❀ ❀



# ဖြန့်မပြောသူ

အမျိုးသမီး ။ ။ ဆရာ၊ ကျွန်မယောကျ်ားမှာအင်မတန်ဆိုးဝါး တဲ့ ရောဂါသင့်နေတယ်။ ကျွန်မသူ့ကို နာရီပေါင်းများစွာ စကားပြောလည်း သူတစ်လုံးမှ မကြားတတ်ဘူး။

ပါရဂူ ။ ။ အဲဒါ ရောဂါမဟုတ်ဖူး၊ ပါရမီဗျ။

❀ ❀ ❀

ရန်အောင်စာပေ

www.burmeseclassic.com



## သုံးသပ်ချက်

အိမ်ထောင်ကျခါစ အမျိုးသမီးတစ်ဦးက စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

'ကျွန်မလေ ယောကျ်ားပျိုတိုင်း သိသင့်တဲ့အရာများ စာအုပ်ကို ခုပဲဖတ်ပြီးပြီ။ ကျွန်မယောကျ်ားဟာ အတော်အသိပညာဗဟုသုတမရှိတဲ့ သူပါပဲရှင်'

❀ ❀ ❀

## တစ်ချက်တည်းပစ်မလို့ပါပဲ

ကျွန်တော်တို့ မိတ်ဆွေ ရှေ့နေကြီးက အပီပြင်ဆုံးတရားခံ ထွက်ချက်တစ်ခုကို ပြောပြခဲ့ပါသည်။

အလွန်တောင့်တင်းလှပသော ဆံပင်အဝါရောင်နှင့် မိန်းမလေး တစ်ဦးသည် သူမ၏ ချစ်သူအား ကိုယ့်ကိုယ်ကို ကာကွယ်သည့် အနေဖြင့် ခြောက်ကြိမ်မျှ သေနတ်နှင့် ပတ်ခတ်ခြင်းအတွက် အမှုစစ်ဆေးခံရန် တရားရုံးသို့ ရောက်ရှိခဲ့သည်။

တရားလိုရှေ့နေက သူမစကားကို လုံးဝ မယုံကြည်ခဲ့ချေ။

'ခြောက်ခါတောင်၊ အဲဒါတောင် မင်းက ကိုယ့်ကိုယ်ကို ကာကွယ်မှုလို့ ခေါ်ချင်တယ်ပေါ့'

ဤတွင် မိန်းကလေး၏ လှပသော ထွက်ချက်မှာ . . .

'ကျွန်မသူ့ကို တစ်ချက်တည်း ပစ်မလို့ပါပဲ။ ဒါပေမယ့် သူကဆက်ပြီး လှုပ်နေလို့. . .'

❀ ❀ ❀

www.burmeseclassic.com



## မိန်းမလိုချင်တယ်

ဇနီးသည် သူ့ကို တီးတိုးပြောလိုက်သည်။

"ပရိဘောဂ သမားတွေ၊ စန္ဒရားကို လာသိမ်းတာ"

ဤတွင် ခင်ပွန်းဖြစ်သူက သတိပေးလိုက်သည်။

"နောက်အရစ်အတွက် မင်းကို ငါပိုက်ဆံပေးထားတယ်လေ"

ထိုအခါ ဇနီးသည်က အေးဆေးစွာ ပြန်ပြောလိုက်သည်။

"သိပါတယ်ရှင်၊ သူတို့အောက်ထပ်ကို ရောက်တာနဲ့ ကျွန်မပိုက်ဆံပေးမှာပါ။ ကျွန်မက စန္ဒရားကို ဧည့်ခန်းမှာထားတာ ပိုကောင်းတယ်ထင်လို့"

❀ ❀ ❀

## မမြင်မကြားလျှင်

အိမ်ထောင်ကျခါစ လူရွယ်သည် အိမ်ထောင်သက်ရင့်နေသော သူတစ်ဦးကို မေးလိုက်သည်။

"မိန်းမနဲ့ ယောကျ်ားရဲ့ ဆက်ဆံရေးဟာ ဘယ်အချိန်မှာ အကောင်းဆုံးလဲ"

ထိုပုဂ္ဂိုလ်က ပြန်ဖြေလိုက်သည်မှာ . . .

"ယောကျ်ားလုပ်တာကို မိန်းမက မမြင်တဲ့အချိန်နဲ့ မိန်းမပြောတာကို ယောကျ်ားက မကြားတဲ့အချိန်ဟာ ဆက်ဆံရေး အကောင်းဆုံး အချိန်ပဲ"

❀ ❀ ❀

www.burmeseclassic.com



## အလုပ်လုပ်ခဲ့သည်မှာ

အမျိုးသား ။ ။ အဲသည်တော့ မင်းအလုပ်ရှင်ကို မင်းလက်ထပ်လိုက်တယ်ပေါ့။ မင်းသူ့ဆီမှာ ဘယ်လောက်ကြာကြာ အလုပ်လုပ်ခဲ့လဲ။

အမျိုးသမီး ။ ။ သူ့ကိုရတဲ့အထိပဲ။

❀ ❀ ❀

## စိတ်ချပါအချစ်ရယ်

အလွန်မကျန်းမမာဖြစ်နေသော အမျိုးသမီးသည် သူမ၏ လင်ယောကျ်ားကို ပြောလိုက်သည်။

"ကျွန်မသေသွားလို့ ရှင်နောက်အိမ်ထောင်ပြုရင် ကျွန်မကိုကတိတစ်ခုပေးပါ။ အဲဒါကတော့ ရှင့်ဒုတိယဇနီးကို ကျွန်မရဲ့ အဝတ်အစားတွေကို ဝတ်ဆင်ခွင့်မပေးဘူးလို့"

ဤတွင် လင်ယောကျ်ားဖြစ်သူက မကျေမနပ်နှင့် ပြောလိုက်သည်မှာ . . .

"ခွင့်မပေးပါဘူးကွာ၊ စိတ်ချ။ နောက်ပြီး မင်း အဝတ်အစားတွေက သူနဲ့တော်မှာ မဟုတ်ဘူး"

❀ ❀ ❀

## စီးပွားရေးဆန်ဆန်

နောက်ပိုးသမား ။ ။ ဦးခင်ဗျား၊ ဦးရဲ့သမီးကို ကျွန်တော် လက်ထပ်ချင်ပါတယ်။

စီးပွားရေးသမား ။ ။ ကောင်းပြီလေ။ မင်းရဲ့နာမည်နဲ့ လိပ်စာထားခဲ့တခြားသူသာပေါ်မလာရင်တော့ တို့မင်းကို အကြောင်း ကြားလိုက်မယ်။

ရန်အောင်စာပေ

www.burmeseclassic.com



## နမူနာတွေအလကားပေးသူ

သူမသည် လူဦးရေထူထပ်သော လမ်းထောင့်များတွင် ရပ်တန့်၍ ပီကေ၊ သကြားလုံးစသော ကုမ္ပဏီ နမူနာပစ္စည်းများကို အခမဲ့ဖြန့်ပေးနေသည့် အလုပ်ကို လုပ်နေသော မိန်းမချောလေး ဖြစ်သည်။


သူမသည် ဆေးစစ်ခံရန် ဆရာဝန်ခန်းထဲသို့ ကသော ကမြောဖြင့် ပြေးဝင်လာသည်။ ဆရာဝန်က သူမကို ပြုံးပြလိုက်သည်။

'မင်းကျန်းမာရေး သိပ်ကောင်းပါတယ်။ ဘာလဲ အသက်အာမခံ လုပ်မလို့ ဆေးစစ်ခံတာလား'

'မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်မ ရက်သတ္တပတ်အတွင်းမှာ အိမ်ထောင်ပြုမလို့ပါရှင်'

'မင်းအခု ဘာလုပ်နေလဲ'

'အခုတော့ နမူနာတွေ အလကားပေးနေတယ် ဆရာရယ်'



www.burmeseclassic.com





## ဖလှယ်လိုက်ပုံက

ခပ်ကဲကဲ အမျိုးသမီးနှစ်ဦး ခန်းမတစ်ခုထဲတွင် တွေ့ဆုံမိကြသည်။

'ဟေး ဆူးဆန်၊ မင်းသာယာချမ်းမြေ့တဲ့ ဘဝခရီးလမ်း လျှောက်နေတယ်လို့ကြားတယ်။ ဘယ်လိုလုပ် အဆင်ပြေနေတာလဲ'

'လွယ်ပါတယ်ကွာ၊ ကိုယ်သူဌေးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်တယ်၊ သူ့မှာက ပိုက်ဆံပေါပေါ၊ ကိုယ့်မှာက အတွေ့အကြုံများများ ဖလှယ်လိုက်ကြတာပေါ့'

'အခုရော'

'အခုတော့ သူက အတွေ့အကြုံ ရသွားပြီ၊ ကိုယ်က ပိုက်ဆံ ရထားပြီ။'

ရန်အောင်စာပေ

www.burmeseclassic.com



## နာမည်ရှာပုံတော်

အမျိုးသမီးငယ်တစ်ဦးသည် ထိုမနက်ခင်းကပင် ဆေးရုံတွင် တုတ်တုတ်ဖြိုးဖြိုး မိန်းကလေးတစ်ဦးကို မျက်နှာမြင်ခဲ့သည်။ နာရီအနည်းငယ်အကြာတွင်မူ သူနာပြုဆရာမသည် ခေါင်းအုံးကို နောက်မှီထိုင်၍ တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို အသည်းအသန်လှန်လှောနေသော သူမကို တွေ့၍မေးလိုက်ရာ ကလေးအတွက် နာမည်တစ်လုံးရှာနေသည်ဟု သူမကရှင်းပြသည်။

ဤတွင် သူနာပြုဆရာမက 'ဆရာတို့ဆီမှာ ယောက်ျားကလေး မိန်းကလေးနာမည် ထောင်ပေါင်းများစွာပါရှိတဲ့ စာအုပ်လေးရှိတယ်။ ရှင့်အတွက် ဆရာမသွားယူပေးမယ်နော်' ဟု ပြောလိုက်သည်။

ထိုအခါကလေးမွေးဖွားပြီးခါစ အမျိုးသမီးငယ်က တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို အသည်းအသန်စွဲထားရင်း ပြောလိုက်သည်မှာ . . .

'ကျွန်မကလေးအတွက် ရှေ့နာမည်ကို ရှာနေတာမဟုတ်ဘူး၊ နောက်နာမည် ရှာနေတာပါ' တဲ့။

❀ ❀ ❀

## ဖြည့်ဆည်းလိုသောဆန္ဒမှာ


ဖခင် ။ ။ ငါ့သမီးအသားကျနေတဲ့ ဘဝမျိုးကို မင်းဆက်ပြီး ဖြည့်ဆည်းပေးနိုင်မယ် ထင်သလား

သားမက်လောင်း ။ ။ သိပ်ကြာကြာဆက်ပြီး ဖြည့်ဆည်းပေးနိုင်မှာ မဟုတ်ဘူးလို့ ယူဆတဲ့အတွက် ဦးသမီးကို ကျွန်တော် လက်ထပ်ချင်ပါတယ်။

ရန်အောင်စာပေ

www.burmeseclassic.com





## တွေ့အောင်ရှာပေးပါ

ဆံပင်အဝါနှင့် လှပသော အမျိုးသမီးတစ်ဦးသည် ရဲစခန်းထဲသို့ ဝင်လာသည်။ သူမအား ရိုက်နှက်ပြီး လည်မျိုညှစ်ရန် ကြိုးစားသောလူ၏ ပုံစံကို အမှုစာရေး (ဂတ်စာရေး) အားပြောပြသည်။

ဂတ်စာရေးက 'အဲဒီပုံစံနဲ့တော့ သူ့ကို အလျင်အမြန်မိမှာပါ။ အချုပ်ထဲ ရောက်တာနဲ့ ကျွန်တော် အကြောင်းကြားပါ့မယ်' ဟု ပြောလိုက်သည်။

သို့သော် အမျိုးသမီးက ကန့်ကွက်လိုက်သည်။

'ဒါပေမယ့် သူ့ကိုမဖမ်းစေချင်ဘူး။ သူ့ကို ကျွန်မအတွက်သာ တွေ့အောင်ရှာပေးပါ။ သူကျွန်မကို လက်ထပ်ဖို့ ကတိပြုခဲ့လို့ပါ'

❀ ❀ ❀

## ချီးကျူးစာရဲ့ နောက်ဆက်တွဲ

အမျိုးသမီးတစ်ဦးသည် စေ့စပ်ကြောင်းလမ်း ပြီးစီးခါစ သူမ၏ သားထံသို့ ချီးကျူးစာတစ်စောင် ရေးသားခဲ့သည်။

www.burmeseclassic.com



'ချစ်သား၊ သားဖေဖေနဲ့ မေမေတော့ သားပျော်ရွှင်မှုနဲ့ အတူထပ်တူထပ်မျှ ပျော်ရွှင်မိတယ်သားရယ်။ သားတစ်ချိန်ချိန်မှာ မိန်းမကောင်းတစ်ဦးနဲ့ အိမ်ထောင်ကျပါစေလို့ မေမေတို့ ဆုတောင်းပြည့်ပြီပေါ့နော်။မိန်းမကောင်းတစ်ဦးဟာ ယောကျ်ားသားအတွက် ကောင်းကင်ဘုံက ကျလာတဲ့ တန်ဖိုးအရှိဆုံး လက်ဆောင်မွန်ပါဘဲ၊ သူမဟာ သူမရဲ့ ကောင်းချက်တွေကို ဖော်ထုတ်ပြီး မကောင်းတဲ့ စရိုက်တွေကို ချိုးနှိမ်ပေးတယ်နော်' သားဖြစ်သူသည် သူ့မိခင်စာကို ဖတ်နေရာမှ အခြားလက်ရေးနှင့် ပါလာသော စာတွဲကို ဖတ်ရင်း ပြုံးတမဲ့မဲ့ဖြစ်သွား၏။

'မင်းအမေ တံဆိပ်ခေါင်းသွားရှာနေတယ်။ တကိုယ်တည်းနေ၊ မင်းသိပ်ညံ့တာပဲ သားရယ်'

❀ ❀ ❀



## အထက်အရာရှိ

အလုပ်သမားတစ်ဦးသည် သူ၏ လေဘာကတ်တစ်ခုကိုဖြည့်စွက်နေသည်။ မေးခွန်းမှာ "သင်၏ အထက်အရာရှိသည် မည်သူနည်း" ဖြစ်သည်။ ထိုအခါ ထိုသူဖြည့်စွက်လိုက်သည်မှာ

"ကျွန်တော့်ဇနီး" ဟူ၏။

www.burmeseclassic.com



## အလုပ်လက်မဲ့ ပြဿနာနှင့် စပ်လျဉ်း၍

'အဲဒီတော့ အလုပ်လက်မဲ့ကိစ္စကို တစ်ခါတည်း အဆုံး သတ်ပစ်လို့ရတယ်လို့ ခင်ဗျား ယူဆတယ်ပေါ့။ ကိုင်း. . . ဘယ်လို များ အဆုံးသတ်ပစ်မယ်ဆိုတာကို ကျုပ်မေးပါရစေ'

ဤတွင် လူမှုရေးသိပ္ပံပါမောက္ခက ဝင်ဖြေလိုက်သည်။

'လွယ်ပါတယ်ဗျာ။ အမျိုးသားတွေကို ကျွန်းတစ်ကျွန်း၊ အမျိုးသမီးတွေကို ကျွန်းတစ်ကျွန်းစီ ခွဲပို့လိုက်မှာပေါ့'

'အဲဒီတော့ သူတို့ဘာလုပ်ကြမှာလဲ'

'သင်္ဘောတွေ ဆောက်ကြမှာပေါ့'

❀ ❀ ❀



## လှလိုက်တဲ့အပြေး

သူသည် မိန်းမချောလေးနှင့် အမှတ်ယူရန် ကြိုးစားခဲ့သော်လည်း သိပ်အောင်မြင်ပုံ မရခဲ့ချေ။

ရန်အောင်စာပေ

www.burmeseclassic.com



"လှလိုက်တဲ့ လက်တွေ၊ လှလိုက်တဲ့ နှုတ်ခမ်းတွေ၊ လှလိုက်တဲ့ မျက်လုံးတွေ၊ ဒီလောက်လှတဲ့ မျက်လုံးတွေ ဘယ်ကရခဲ့သလဲဟင်"

မိန်းမချောလေးက အေးစပ်တည်ငြိမ်စွာ ဖြေလိုက်သည်မှာ . . .

"အို ကျွန်မခေါင်းနဲ့ တစ်ပါတည်း ပါလာတာတွေပါ"

❀ ❀ ❀

## လက်မထပ်ခင်မှာ

သမီးရည်းစားနှစ်ဦး ပန်းခြံထဲတွင် ထိုင်ရင်း စကားပြောနေကြသည်။ အမျိုးသားက စပြောလိုက်သည်။

"မင်း အစကနေ သိထားဖို့က တို့ရဲ့ အနှစ်သက်ဆုံး အစားအစာဟာ ကြက်သားဟင်းပဲ"

ထိုအခါ အမျိုးသမီးက ပြောလိုက်သည်။

"ကျွန်မကတော့ အမဲဝမ်းတွင်းသားပဲ ကြိုက်တယ်"

အမျိုးသားက ပြန်ပြောလိုက်သည်မှာ -

"တို့ လက်မထပ်ခင် မငြင်းခုံကြကြေးနော်"

❀ ❀ ❀

## မျှဝေခံစား

အမျိုးသား ။ ။ "ကိုယ်တို့ အိမ်ထောင်ကျရင် မင်းရဲ့ ဒုက္ခတွေ၊ သောကတွေအားလုံးကို ကိုယ် မျှဝေခံစားပါ့မယ်"

အမျိုးသမီး ။ ။ "ကျွန်မမှာ ဒုက္ခတွေ သောကတွေ ရှိမှ မရှိပဲ"

အမျိုးသား ။ ။ "ကိုယ်တို့ အိမ်ထောင်ကျပြီးရင် ကိုပြောတာ"

www.burmeseclassic.com






## အရွယ်ညီမျှခြင်းငွေ

သမီးများရှိသော အဘိုးကြီးသည် သူစိမ်း လူရွယ်လေး တစ်ဦးအား ပြောလိုက်သည်။


'ငါတော့ ငါ့သမီးတွေအတွက် ဂုဏ်ယူမိတယ်။ သူတို့ အိမ်ထောင်ရက်သား ကောင်းကောင်းကျတာကိုပဲ မြင်ချင်တယ်။ ငါငွေနည်းနည်း ချမ်းသာတယ်။ ဒီတော့ သူတို့ ယောက်ျားယူရင် မျက်နှာမငယ်စေရဘူး။ အသက် (၂၅) နှစ်ရှိပြီး တကယ့်လိမ္မာ ရေးခြားရှိတဲ့ 'ကိတ်' အိမ်ထောင်ပြုရင် ငါသူ့ကို ပေါင် (၁၀၀၀) လက်ဖွဲ့မယ်။ ပြီးတော့ အသက် (၃၅) နှစ်အရွယ်ရှိတဲ့ 'ပက်ထရစ်ရှာ' ကို ပေါင် (၃၀၀၀) လက်ဖွဲ့မယ်။ အသက် (၄၀) အရွယ်ရှိတဲ့ 'လင်ဒါ' ကို လက်ထပ်တဲ့သူကတော့ ပေါင်စတာလင် (၅၀၀၀) ရမှာပဲ'

'ဒါနဲ့ လူကြီးမင်းမှာ အသက် (၅၀) အရွယ်ဝန်းကျင် သမီး တစ်ယောက်များ မရှိဘူးလား'။

ရန်အောင်စာပေ

www.burmeseclassic.com





## အလုပ်အပ်စကား

အမျိုးသမီးတစ်ဦးသည် အလွတ်စုံထောက်တစ်ယောက်အား သူမ ယောကျ်ားနှင့်ပတ်သက်၍ အလုပ်အပ်စကား ပြောနေလေသည်။

'ကျွန်မ ယောကျ်ားနဲ့ အဲဒီမိန်းမနောက်ကို နေ့နေ့ညည ခြေရာခံ လိုက်ပါနော်။ ကျွန်မယောကျ်ားမှာ ဘာကောင်းကွက်များ သူတွေ့နေသလဲဆိုတာ အပြည့်အစုံ အစီရင်ခံစေချင်တယ်'

ရန်အောင်စာပေ

www.burmeseclassic.com



## တစ်ဦးတည်းသောအချစ်ဆုံး


မိတ်ဆွေနှစ်ဦး တွေ့ကြရာ

"ပီတာရေ၊ နေကောင်းပါစ။ ဒါနဲ့ မင်းရဲ့အချစ်ဆုံး၊ အနှစ်သက်ဆုံးသော ဇနီးဆိုတာက သည်အမျိုးသမီးလေးလား"

ပီတာ၏ လှပသော အဖြေစကားကတော့ -

"ဟော့လူ၊ ကျုပ်မှာ မချစ်တဲ့၊ မနှစ်သက်တဲ့ ဇနီးလဲ မရှိပါဘူး၊ တစ်ဦးတည်းသော သည်ဇနီးပဲ ရှိပါတယ်ဗျ"

❀ ❀ ❀



## ဆင်ခြေလှလှ

အမျိုးသမီးတစ်ဦးသည် တစ်နာရီလျှင် မိုင် (၆၀) နှုန်းဖြင့် သူမကားကို အမြန်မောင်းလာသည်။ ယာဉ်ထိန်းရဲက ရပ်တန့်စစ်ဆေးရာ အမျိုးသမီးက ရှင်းလင်း ပြောပြနေသည်မှာ -

'ကျွန်မကား တာယာတွေက အခြေအနေ သိပ်ဆိုးနေပြီ။ ဒါကြောင့် ကားဘီးတွေ မပေါက်ခင် အိမ်ကိုအမြန်ရောက်အောင် မောင်းနေရတာပါရှင်"

ရန်အောင်စာပေ

www.burmeseclassic.com



## အနီးမဟုတ်တဲ့ အဝေး

အမျိုးသား ။ ။ မင်းအနမ်းတွေက ကြယ်တာရာတွေလို ပါပဲလား အချစ်ရယ်။

အမျိုးသမီး ။ ။ တာဝတိံသာက ဆင်းသက်လာသလို ချိုမြိန် လို့လား ရှင်ရယ်။

အမျိုးသား ။ ။ မဟုတ်ပါဘူး။ ကွာလှမ်းလွန်းလို့ပါ။

❁ ❁ ❁



## အံ့ပါရဲ့ အချစ်ရာ

အိမ်ထောင်ကျခါစ အမျိုးသားသည် မီးဖိုချောင်ထဲဝင်သွားခဲ့သော သူ၏ ဇနီးလေးနောက်သို့ လိုက်သွားသည်။

ရန်အောင်စာပေ

www.burmeseclassic.com



'ဘာတွေများ ဒီလောက်အကြာကြီး လုပ်နေတာလဲ အချစ်'

သူက အမြတ်တနိုးမေးလိုက်သည်။

ဤတွင် သူ့ဇနီးက စိတ်ပူစွာ ပြောလိုက်သည်မှာ

'ကိုရေ. . . ကျွန်မ ရေခဲတုံးတွေကို ရေနွေးနဲ့ကျင်းနေတာ အခုရှာလို့ မရတော့ဘူး'


❀ ❀ ❀

## ခက်တယ်ဆိုပေမယ့်

| | | |
|---|---|---|
| အမျိုးသမီး | ။ ။ | အက်စကီးမိုးလူမျိုးတွေဟာ ငါးမျှားချိတ်တွေကို ငွေကြေးအဖြစ် အသုံးပြုတယ်လို့ ဒီစာစောင်မှာ ရေးထားတယ်။ |
| အမျိုးသား | ။ ။ | အမျိုးသားတွေ အိပ်နေတုန်း မိန်းမတွေက သူတို့အိတ်ထဲက ပိုက်ဆံနှိုက်ဖို့ တော်တော်ခက်မှာပဲနော်။ |
| အမျိုးသမီး | ။ ။ | အိုး. . . အဲဒီမှာ ညက ခြောက်လတောင် ကြာတာပဲရှင်။ |

www.burmeseclassic.com






## ပြောင်းလဲသွားသူ

တစ်ညသ၌ အရက်ဆိုင်တွင် အလွန်တရာ ပူဆွေးသောက ရောက်နေသော အမျိုးသားတစ်ဦး ထိုင်နေသည်။

"ခင်ဗျား ဘာကြောင့် ဝမ်းနည်းနေတာလဲ" ဟု အရက်ဆိုင်စားပွဲထိုးက မေးလိုက်သည်။

"ကျွန်တော့်မိန်းမက ကျွန်တော့်ကို ငွေတစ်သန်းထားပေးခဲ့တယ်" ဟု ထိုအမျိုးသားက ပြောလိုက်သည်။

"တကယ်လို့ ကျွန်တော့်မိန်းမကသာ ငွေတစ်သန်းထားပေးခဲ့ရင် ကျွန်တော်ဟာ ကမ္ဘာပေါ်မှာ အပျော်ရွှင်ဆုံးလူ ဖြစ်လိမ့်မယ်" ဟု စာပွဲထိုးက ပြောလိုက်သည်။

"မှန်ပါတယ်၊ ဒါပေမယ့် သူမကို မတွေ့ခင်က ကျွန်တော်ဟာ ငွေသန်းပေါင်းများစွာ ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးလေကွာ"

ရန်အောင်စာပေ

www.burmeseclassic.com





## စိတ်ပညာသင်တန်းသူရဲ့ ဒဿန

ဉာဏ်ပညာ ထက်မြက်လှသလို လှပချောမောသော မိန်းကလေး တစ်ဦးသည် စိတ်ပညာသင်တန်းတွင် သင်တန်းတက်ရောက်နေခဲ့သည်။ တစ်နေ့တွင် သူမနောက် လိုက်လာသော ကျောင်းသားတစ်ဦးက သူမတင်ပါးကို ဆိတ်လိုက်သည်။ သူမသည် ထိုသူကို လှည့်ပြီး ပါးရိုက်ရန် ပြင်ပြီးခါမှ စိတ်ပြောင်းသွားသည်။ သူမကိုယ်သူမ ပြောလိုက်သည်။

'ငါဘာလို့ ဒေါသထွက်ရမှာလဲ။ တကယ်တော့ သူ့ပြဿနာပဲ'

ရန်အောင်စာပေ

www.burmeseclassic.com





## ချစ်ပို့ကောင်းတဲ့ သူငယ်ချင်း

သူငယ်ချင်းနှစ်ဦး စကားပြောနေကြသည်။

"ကျုပ်ကို ပိုက်ဆံ ငါးဆယ်လောက် ချေးစမ်းပါ"

"ကျုပ်မှာ လေးဆယ်ပဲ ရှိတယ်"

"ဒါဖြင့်ရင် အဲဒီလေးဆယ်ပေးထား၊ တစ်ဆယ်ပေးဖို့ ကျန်သေးလို့ အကြွေးမှတ်ထား"

ရန်အောင်စာပေ

www.burmeseclassic.com



## သူ့ထက်သူ

ဒက်တီ ။ ။ "ခင်ဗျားက ဘယ့်နှယ်ကြောင့် ခင်ဗျားမိန်းမ ဟာ လူလိမ်၊ ခင်ဗျားအပေါ် သစ္စမရှိဘူးလို့ ဆိုရတာလဲ"

ဖရက်ကီ ။ ။ "ဒီမနက်စောစော အိမ်ပြန်ရောက်လာတော့ မနေ့ညက သူ့သူငယ်ချင်း အဲလစ်အိမ်မှာ ညအပ်ခဲ့တယ်လို့ ပြောတယ်"

ဒက်တီ ။ ။ "အဲဒါကို ခင်ဗျားက ဘယ့်နှယ်ကြောင့် သူလိမ်မှန်းသိတာလဲ"

ဖရက်ကီ ။ ။ "ညတုန်းက ကျုပ်အဲလစ်ဆီမှာ အိပ်တဲ့ဥစ္စာ"

❀ ❀ ❀

www.burmeseclassic.com





## မရှိရင်လည်းပြေပါတယ်

"ခင်ဗျားဇနီးဟာ ခင်ဗျားရဲ့ ဒရိုင်ဘာနဲ့ လိုက်ပြေးသွားတယ် ကြားရလို့ စိတ်မကောင်းပါဘူးဗျာ" ဟု မိတ်ဆွေတစ်ဦးက အဘိုးကြီးအား ပြောလိုက်သည်။

"အို - မပူပါနဲ့ဗျာ၊ ကျုပ်ဖာသာ ကျုပ်လည်း ကားမောင်းတတ်ပါတယ်" ဟု အဘိုးကြီးက ဖြေကြားလိုက်လေသည်။

❀ ❀ ❀

## ဝတ်စုံဆန်း

အမျိုးသမီးနှစ်ဦးသည် မြို့နယ်ကလပ်ကပွဲသို့ ဝတ်ဆင်သွားရမည့် အဝတ်အစားအကြောင်း ဆွေးနွေးနေကြသည်။

"ကျွန်မတို့ ယောကျ်ားတွေရဲ့ ဆံပင်အရောင်နဲ့ လိုက်ဖက်ညီတဲ့ အဝတ်အစား ဝတ်ဆင်ရမယ်ဆိုတော့ ကျွန်မ အနက်ရောင်ဝတ်

www.burmeseclassic.com





သွားမယ်” ဟု မစ္စဂျွန်ဆန်က ဆိုလိုက်သည်။

ထိုအခါ သူမ၏အဖော်က အလန့်တကြား သက်မရှိုက်လိုက်သည်။

“ဘုရားရေ၊ ဒါဆို ကျွန်မတက်လို့ မဖြစ်ဘူးထင်တယ်”

အကြောင်းမူကား သူမ၏ လင်ယောက်ျားမှာ ထိပ်ပြောင်နေသောကြောင့်တည်း။

❀ ❀ ❀

## သားမက်၏ အချစ်

ရှေ့နေတစ်ဦးသည် သူ၏အမှုသည်တစ်ဦးထံ ကြေးနန်းရိုက်လိုက်သည်။

“ခင်ဗျားရဲ့ ယောက္ခမကြီး လွန်ခဲ့တဲ့ညက အိပ်ပျော်နေ

www.burmeseclassic.com





တုန်း ကွယ်လွန်၊ မြေမြှုပ်ရမလား၊ ဂူသွင်းရမလား မီးသင်္ဂြိုဟ်ရမလား”

ကြေးနန်းပြန်လာသည်။

“သေချာအောင် သုံးမျိုးစလုံး လုပ်လိုက်”

❀ ❀ ❀

www.burmeseclassic.com





## စိုးရိမ်လွန်းသူ

ချွေတာရေးအဖြစ် ဇနီးက ဆံပင်ညှပ်ပေးမည်ကို ခင်ပွန်းသည်က သဘောတူလိုက်သည်။ ခင်ပွန်းသည်ခမျာ ဘယ်ပုံညှပ်ပစ်မည်နည်းဟု တွေးကာ စိတ်ပူနေသည်။ ထို့ကြောင့် တချပ်ချပ်ညှပ်သံကို နာခံရင်း စိတ်ပြေလက်ပျောက် မဂ္ဂဇင်းတစ်အုပ်ကို ဖက်နေလိုက်သည်။ စာတစ်မျက်နှာ လှန်မည်အပြုတွင် အလွန်အမင်း ခေါင်းနပန်းကြီးသွားတော့သည်။ ဇနီးသည်က ပြောလိုက်ရာတွင်

“မလှုန်နဲ့ဦးလေ။ ကျုပ်ဖတ်လို့ မပြီးသေးဘူး” တဲ့။

ရန်အောင်စာပေ

www.burmeseclassic.com




## ဖိန်းမဟုတ်သည်

ဆရာဝန်တစ်ဦးသည် ဧည့်ခန်းထဲမှ ကမန်းကတမ်း ထွက်လာပြီး သူ့ဇနီးကို ပြောလိုက်သည်။

'မောင့်ဆေးအိတ် မြန်မြန်ပေးစမ်းပါ။ အခုပဲ လူတစ်ယောက်ဖုန်းဆက်တယ်။ ငါမရှိရင် သူသေရပါတော့မယ်တဲ့"

ဇနီးဖြစ်သူက အို. . . စိတ်အေးအေးထားစမ်းပါရှင်။ အဲဒါ ကျွန်မဆီလာတဲ့ ဖုန်းပါ။

❁ ❁ ❁



## သူတန်ကြေးနှင့်သူ

ရုပ်ရှင်ဇာတ်ကား ကြည့်နေခိုက်တွင် အချစ်ခန်းသို့ရောက် သောအခါ ဇနီးဖြစ်သူက လင်ဖြစ်သူအား တံတောင်ဖြင့် တွက်၍ မေးလိုက်သည်။

"ရှင်ဘာလို့ ကျွန်မကို အဲဒီလို မနမ်းတာလဲ"

သူမလင်ယောကျ်ားက ဖြေလိုက်သည်။

"အဲဒီလိုနမ်းတဲ့အတွက် သူဘယ်လောက်ရတယ်ဆိုတာ ကို မင်းသိရဲ့လား" တဲ့။

ရန်အောင်စာပေ

www.burmeseclassic.com






## အလိုရှိသူအတွက်

အိမ်ထောင်ရေး ကြော်ငြာတစ်ခုတွင် လူတစ်ဦးက "မယားတစ်ယောက် အလိုရှိသည်" ဟု ကြော်ငြာထည့်လိုက်သည်။ နောက်တစ်နေ့တွင်မူ အမျိုးသားအများအပြားထံမှ ပြန်ကြားစာများကို သတင်းစာတိုက်မှတစ်ဆင့် သူလက်ခံရရှိသည်။ စာတိုင်းတွင် "ကျွန်တော့်မယားယူပါ" ဟု ရေးသားထားသည်ကို တွေ့ခဲ့ရသည်။

ရန်အောင်စာပေ

www.burmeseclassic.com



## ကျွေးနိုင်တယ်ဆိုရင်

ဇနီးမောင်နှံ စကားများနေခဲ့ကြသည်။ လင်ဖြစ်သူက အော်လိုက်သည်။

'ဟာ မင်းလိုမိန်းမမျိုးနောက်ထပ် နှစ်ယောက်ကို ကျွေးထားနိုင်တယ်'

မယားဖြစ်သူကလည်း ပြန်ပြောလိုက်သည်။

"ကောင်းပြီလေ၊ မေမေနဲ့ အဘွား ကျွန်မတို့ဆီလာနေခိုင်းလိုက်မယ်"



ရန်အောင်စာပေ

www.burmeseclassic.com





## အမြင်ချင်းမတူ

ပွဲတစ်ခုတွင်ဖြစ်ပါသည်။ အမျိုးသားနှင့် အမျိုးသမီး လင်မယားစုံတွဲတို့ ရောက်လာကြသည်။ ဇနီးဖြစ်သူက သူ၏ ယောကျ်ားအား လည်ဟိုက်အင်္ကျီကို အောက်သို့ရောက်အောင်ချုပ် ထားသော အမျိုးသမီးအကြောင်း ပြောပြနေသည်။

'အဲဒီမိန်းမ ဝတ်ထားတဲ့အင်္ကျီက သိပ်ဟိုက်နေပြီ၊ နေရာ တွေလဲမမှန်ဘူး။ တလွဲတစောင်းဖြစ်နေတယ်နော်'

ဤတွင် သူ့ယောကျ်ားက ပြောလိုက်သည်မှာ -

'တို့ကြည့်နေတာကတော့ မင်းပြောသလို မတွေ့သေး ဘူးကွာ'

ရန်အောင်စာပေ

www.burmeseclassic.com



## ပြောင်းလဲသွားသူ

မိန်းမ ။ ။ “လက်မထပ်ခင်က ရှင်ကျွန်မကို “မင်း ဟာ ကိုယ့်ရဲ့နတ်မိမယ်ပါပဲ” လို့ အမြဲပြောခဲ့တယ်မဟုတ်လား”

ယောကျ်ား ။ ။ “အား၊ ဟုတ်သားပဲ၊ အခုအခြေအနေကို မင်းသိမှာပေါ့၊ လက်ထပ်ပြီးကတည်းက ကိုယ် နတ်မကိုးကွယ်တော့ဘူးလေ”

❀ ❀ ❀

## အပြစ်ဆိုးသူ

“ဟယ်ရီမိန်းမက ဟယ်ရီအတွက် တစ်ပြားတစ်ချပ်မှ မထားရစ်ခဲ့ဘူး။ အိမ်က ထွက်ပြေးသွားပြီ”

“အို. . . ကျုပ်အဖြစ်က သူ့ထက်ပိုဆိုးသေးတယ်။ ကျုပ်မိန်းမက ကျုပ်အတွက် တစ်ပြားတစ်ချပ်မှ မချန်ထားဘူး။ အိမ်ကလဲ ထွက်ပြေးမသွားဘူး”

www.burmeseclassic.com





## ထားတတ်ပါပေ့ ရှင်မရေ

နေထိုင်မကောင်း ဖြစ်နေသော ဇနီးသည် အိပ်ရာထဲလဲနေသောကြောင့် လင်ဖြစ်သူက ကူညီနေရသည်။ သူသည် မီးဖိုချောင်ထဲတွင် လက်ဖက်ရည်ဖျော်ရန် ပြင်ဆင်နေခဲ့သည်။ သူသည် လက်ဖက်ခြောက်အား ရှာဖွေရာ မတွေ့သဖြင့် မတတ်နိုင်သည့်အဆုံး နောက်ဆုံးမတွေ့တော့ သူ့မိန်းမကို လှမ်းမေးလိုက်သည်။

ရန်အောင်စာပေ

www.burmeseclassic.com



"မိန်းမရေ၊ လက်ဖက်ခြောက်ဘယ်မှာထားလဲ၊ ကိုယ်ရှာမတွေ့ဘူး"

"ဘာလို့ ရှာမတွေ့ရတာလဲ။ ရှင့်ရှေ့တည့်တည့်စင်ပေါ်မှာ မီးခြစ်ဆံများလို့ အမှတ်အသားပြုထားတဲ့ ကိုကိုးဘူးခွံ့ထဲမှာရှင့်"

❀ ❀ ❀

## မေမေ့စကားနားထောင်သူ

ဆရာမသည် ဘာသာရေးအကြောင်း ပြောဆိုပြီးနောက် ကျောင်းသားများကို မေးမြန်းလိုက်သည်။

"ကဲ. . . နတ်ပြည်သွားချင်တဲ့သူတွေ လက်ညှိုးထောင်"



အတန်းထဲမှ အငယ်ဆုံးကျောင်းသူမလေးမှလွဲ၍ ကျန်လူအားလုံးက လက်ညှိုးထောင်လိုက်ကြသည်။ ဆရာမက ထိုကျောင်းသူလေးကို မေးလိုက်သည်။

"သမီးက နတ်ပြည်မသွားချင်ဘူးလား. . . "

ထိုအခါ ကျောင်းသူလေးက ပြန်ဖြေလိုက်သည်မှာ

"သွားချင်ပါတယ် ဆရာမရယ်. . . ဒါပေမယ့် မေမေက ကျောင်းလွှတ်ရင် အိမ်တန်းပြန်လာရမယ်လို့ မှာထားလို့ပါ. . . "

ရန်အောင်စာပေ

www.burmeseclassic.com



## မေးသန့်များတော့ တစ်မျိုးထင်

ဒင်းနစ်သည် ကျောင်းမှ ပြန်ရောက်လာပြီး မကျေမနပ် ပြန်ပြောသည်။

"သားတို့ ဆရာမကတော့ တကယ်ညံ့တယ် မေမေ ရာ. . ."

"ဟဲ့သား ကိုယ့်ဆရာမကို ဒီလိုမပြောရဘူး. . ."

"မပြောလို့ ဖြစ်မလား မေမေပဲ စဉ်းစားကြည့်. . . တစ်နေ့



က သားတို့ကို မေးတယ် . . . နှစ်နဲ့နှစ်ပေါင်း ဘယ်လောက်လဲတဲ့ . . . သားတို့က ဖြေလိုက်တယ် . . . နှစ်နဲ့နှစ်ပေါင်းလေးလို့ . . . မနေ့က တစ်ခါ ထပ်မေးတယ် . . . နှစ်နဲ့နှစ်ပေါင်း ဘယ်လောက်လဲတဲ့ . . . သားတို့က ဖြေလိုက်တယ် နှစ်နဲ့နှစ်ပေါင်း လေးလို့ . . . တစ်ခါ ဒီနေ့ ထပ်မေးပြန်တယ် . . . နှစ်နဲ့နှစ်ပေါင်း ဘယ်လောက်လဲတဲ့ . . . အမှတ်ကို မရှိဘူး မေမေရာ. . ."

ရန်အောင်စာပေ

www.burmeseclassic.com





## ရှာမတွေ့ခြင်းအကြောင်းရင်း

ကျောင်းပထမဆုံးနေ့ သူငယ်တန်းကျောင်းခန်းထဲတွင် ဖြစ်သည်။ နစ်ကီသည် လက်ညှိုးတစ်ချောင်းထောင်ပြီး အိမ်သာသွားခွင့်တောင်းရာ ဆရာမက ခွင့်ပြုလိုက်သည်။ ခဏအကြာတွင် သူသည် တရှုံ့ရှုံ့ငို၍ ပြန်ရောက်လာသည်။ ဆရာမကမေးလိုက်သည်။

‘နစ်ကီ ဘာဖြစ်လို့လဲ’

‘ရှာမတွေ့ဘူး ဆရာမ’

ထိုအခါ ဆရာမက အသက်ခပ်ကြီးကြီး ကျောင်းသားတစ်ဦးဖြစ်သော ဂျွန်နီကို တာဝန်ပေးလိုက်သည်။

‘ဂျွန်နီရေ နစ်ကီအိမ်သာ ရှာမတွေ့ဘူးထင်တယ်. . . သူ့ကို လိုက်ပို့ပေးလိုက်စမ်း. . .’

ခဏအကြာတွင် ဂျွန်နီနှင့်နစ်ကီတို့ ပြန်ရောက်လာကြသည်။ ဂျွန်နီက ရှင်းပြလိုက်သည်။

‘နစ်ကီ အိမ်သာရှာမတွေ့တာ မဟုတ်ပါဘူး ဆရာမ. . . ဘောင်းဘီကို ရှေ့နောက်ပြောင်းပြန် ဝတ်ထားခဲ့မိလို့ သူ့ဖာသာသူ ရှာမတွေ့တာပါ. . .’

ရန်အောင်စာပေ

www.burmeseclassic.com





## မဟာ့မဟာပြဿနာ

ဆရာမက ကျောင်းသားတစ်ဦးကို လှမ်းမေးလိုက်သည်။

'ရောဘတ် မင်းအဖေဘယ်သူလဲ'

ထိုအခါ ရောဘတ်က ပြန်ဖြေလိုက်သည်။

'ဆရာမက လုပ်လာပြန်ပြီ၊ အိမ်မှာ အဲဒီကိစ္စနဲ့ပဲ အဖေနဲ့ အမေ အမြဲ ပြဿနာတက်နေတာ'

ရန်အောင်စာပေ

www.burmeseclassic.com





## သေချာတဲ့ မျက်မြင်သက်သေ

အမျိုးသမီးတစ်ဦးသည် အိမ်ထောင်ဖက် ခင်ပွန်းသည်နှင့် ကွာရှင်းပေးရန် တရားရုံးသို့ ဦးတိုက် လျှောက်ထားသည်။

'တရားသူကြီးမင်းရှင့်၊ ကျွန်မအနေနဲ့ ကျွန်မခင်ပွန်းကို အိမ်ထောင်ရေးသစ္စာဖောက်မှုနဲ့ တရားဆွဲဆိုချင်ပါတယ်။ သူဟာ ကျွန်မအပေါ် သစ္စာမရှိခဲ့ပါဘူး' ဟု မျက်ရည်ရွှဲရွှဲဖြင့် ပြောလိုက်သည်။

တရားသူကြီးက ပြန်မေးလိုက်သည်။

'မင်းမှာ မျက်မြင်သက်သေရှိသလား'

ဤတွင် ထိုအမျိုးသမီး ပြန်ဖြေလိုက်ပုံမှာ . . .

'တရားသူကြီးမင်းရှင့်၊ ဒီလိုပါ။ ကျွန်မနဲ့သူနဲ့ရခဲ့တဲ့ ကလေးသုံးယောက်စလုံးရဲ့ မျက်နှာတွေကို သေသေချာချာ လေ့လာကြည့်တဲ့အခါ ကျွန်မနဲ့ လုံးဝမတူကြပါဘူးရှင့်'

ရန်အောင်စာပေ

www.burmeseclassic.com



## ဒယ်ဒီ့အုံးပြတ်ချက်

ကျွန်တော့်ရဲ့ ဇနီးက ပထမတန်းကို သင်ကြားရတဲ့ မူလတန်းကျောင်း ဆရာမတစ်ဦးဖြစ်ပါတယ်။

တစ်နေ့မှာ သူ့အတန်းထဲမှာ ကျောင်းသူတစ်ဦး မျက်ရည်အဝိုင်းသားနဲ့ ငိုမဲ့မဲ့ဖြစ်လို့ ချော့မော့မေးကြည့်တယ်။

'သမီးမာမီက သမီးကြောင်ကလေးကို အိမ်မှာမထားချင်ဘူးတဲ့' လို့ သူမက ပြန်ဖြေတယ်။

သည်တော့ ကျွန်တော့် ဇနီးကလည်း ကလေးမကို သနားသွားပြီး. . .

'ဖြစ်ရလေ သမီးရယ်၊ ဒီလိုဆိုရင် သမီးကြောင်ကလေးကို စွန့်ပစ်ရတော့မှာပေါ့နော်' လို့ ပြန်မေးလိုက်တယ်။

ဒီအခါမှာတော့ ကလေးမက ရှိုက်ကြီးတငင် ငိုယိုပြီး ပြောလိုက်တာက -

'မဟုတ်ပါဘူး ဆရာမရဲ့။ ဒယ်ဒီက သူ့မိန်းမ စိတ်ညစ်မှာစိုးလို့ သူကိုယ်တိုင် သွားပစ်မှာတဲ့ ဆရာမရယ်. . . ဟီး. . . ဟီး. . . '



ရန်အောင်စာပေ

www.burmeseclassic.com



## ထူးတော့မထူးပါဘူး

အမျိုးသမီးတစ်ဦးသည် အအေးလွန်ကဲမှုကြောင့် အိပ်မပျော်နိုင် ဖြစ်နေသည်။ ပြတင်းပေါက်က ပွင့်နေပြီး လှိမ့်ဝင်လာသော လေအေးက သူမအား အရိုးကွဲလုမတတ်ဖြစ်စေသည်။ သို့သော် သူမခင်ပွန်းကတော့ ဟောက်သံပေးပြီး နှစ်ခြိုက်စွာ အိပ်ပျော်နေ၏။

နောက်ဆုံးတော့ အမျိုးသမီးသည် သူ့ခင်ပွန်းကို လှုပ်နှိုးလိုက်သည်။

'မောင်ရေ၊ အပြင်ဘက်မှာ သိပ်အေးနေတယ်။ မောင်ထပြီး တံခါးသွားပိတ်ပေးပါနော်'

သူ့ခင်ပွန်းက မနိုးသေး။ ဤတွင် အမျိုးသမီးက ထပ်နှိုးပြီး လေသံမာမာနှင့် ပြောလိုက်သည်။

'ထစမ်းပါဦးမောင်ရယ်၊ ပြတင်းပေါက်သွားပိတ်ပေးစမ်းပါရှင်။ အပြင်ဘက်မှာ သိပ်အေးနေတယ်'

သူ့ခင်ပွန်းကရုတ်တရက်လန့်နိုးလာပြီး အိပ်ချင်မူးတူးသံဖြင့် သူ့ဇနီးကို ပြန်ငေါက်လိုက်သည်မှာ -

'တကယ်လို့ ပြတင်းပေါက် သွားပိတ်တော့ကော အပြင်ဘက်မှာ နွေးသွားမှာလား မိန်းမရေ'

www.burmeseclassic.com





## ပြန်လည်ဆုံတွေ့တဲ့အထိ

မကြာခင်သောကာလက ခင်ပွန်းသည် ဆုံးသွားသော မုဆိုးမတစ်ဦးသည် သူ့ခင်ပွန်းသည်က ပိုက်ဆံများကို သူမနာမည်နှင့် မထားဘဲ တခြားမိန်းမတစ်ယောက်၏ အမည်နှင့် လွှဲခဲ့ကြောင်း သိသွားသဖြင့် လွန်စွာဒေါ်ပွသွားသည်။

ခင်ပွန်းသည်၏ အုတ်ဂူပေါ်က စာတမ်းကိုပြင်ရန် သုသာန် စောင့်ကို သွားပြောသည်။ ဤတွင် သုသာန်စောင့်က သေသူ၏ အုတ်ဂူပေါ်တွင် ‘ငြိမ်းငြိမ်းချမ်းချမ်း၊ လဲလျောင်းပါလော’ ဟု ထိုသူ ခိုင်းသည့်အတိုင်း ကမ္ပည်းထိုးထားပြီးဖြစ်၍ ပြန်မပြင်ပေးနိုင်ကြောင်း ငြင်းလိုက်သည်။

ထိုအခါ အမျိုးသမီးက ပြောလိုက်သည်မှာ -

‘အပြင်နဲ့လေ ရပါတယ်၊ ဒါပေမယ့် ပြန်လည်ဆုံတွေ့တဲ့ အထိဆိုတဲ့ စာကြောင်းအောက်ကထည့်လိုက်ပါ’

ရန်အောင်စာပေ

www.burmeseclassic.com



## စိတ်ဆိုးပြိုင်ပွဲ

ကီဗင်နှင့် ခရစ်စတိုဖာတို့ မိတတ်ဆွေနှစ်ဦး စကားပြော နေကြသည်။

ကီဗင် ။ ။ 'ငါနဲ့ ငါ့မိန်းမ အရမ်းစကားများကြတယ်။ သူက သိပ်စိတ်ဆိုးလွယ်တယ်။ အသေး အဖွဲ့ကိစ္စလေးကြောင့် သူဒေါသဖြစ်တတ် တယ်ကွာ။

ခရစ်စတိုဖာ ။ ။ 'မင်း ကံကောင်းတယ်. . . ငါ့မိန်းမဆိုရင် ဘာမှမဖြစ်ဘဲနဲ့ သူ့ဘာသာသူစပြီး စိတ်ဆိုး တဲ့ဟာမျိုး. . . '

❀ ❀ ❀

## ဆံပင်အရှည်ထက်လမ်း

မိန်းမနှစ်ဦးသည် ယောကျ်ားများ ဆံပင်အရှည်ထားကြ သောအကြောင်း ပြောနေကြသည်။

ပထမမိန်းမ ။ ။ 'ဆံပင်ရှည်ဟာ ယောကျ်ားတစ်ယောက်ကို စွမ်းရည်ထက်မြက်စေတယ်လို့ကျွန်မထင်တယ်။

ဒုတိယမိန်းမ ။ ။ 'အို. . . ကျွန်မတော့ မသိပါဘူး၊ ကျွန်မ ယောကျာ်းရဲ့ ကုတ်အကျႌကဆံပင်ရှည် တစ်ချောင်းယူပြီးဖယ်ပေးခဲ့ရတယ်။သူက တော့ကျွန်မအပြင်မှာအလွန်အတီးအတပုံ ပေါက်နေ တာပဲရှင့်. . . ။

www.burmeseclassic.com





## ငွေရတုသဒ္ဒ

အလွန်စကားများသော မိန်းမဖြစ်သူက ပြောလိုက်သည်။

'ဒါလင်ရေ၊ ကျွန်မတို့ရဲ့ ၂၅ နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ကို ဘယ်လိုကျင်းပရင် ကောင်းမလဲဟင်. . .'

ဤတွင် ယောကျ်ားဖြစ်သူက ခြောက်ကပ်ကပ်နှင့် ခပ်တိုးတိုး ပြောလိုက်သည်။

'ငါးမိနစ်လောက် တိတ်တိတ်ဆိတ်ဆိတ် နေပေးရင် တော်ပါပြီကွာ. . .'

ရန်အောင်စာပေ

www.burmeseclassic.com



## ကြာတတ်တာတွေ မကြာစေလို့

တရားသူကြီးက တရားလို အမျိုးသမီးကိုကြည့်၍ မေးလိုက်သည်။

'ခင်ဗျားယောကျ်ားက ခင်ဗျားကို ငြီးငွေ့နေပြီလို့ ဘာလို့ထင်သလဲ'

တရားလိုအမျိုးသမီးက ပြန်ဖြေလိုက်သည်မှာ -

'သူအိမ်ပြန်မရောက်တာ ခုနစ်နှစ်ရှိပါပြီ'

❀ ❀ ❀

## ပူးနေခိုက်မှာ

'ဘတ်' ဆိုသူသည် ကားမောင်းလျှင် လုံခြုံရေးခါးပတ် မတပ်ဘဲ မောင်းလေ့ရှိသည်။ တစ်နေ့သူတို့ဇနီးမောင်နှံ ကားနှင့် ထွက်လာကြစဉ် မျက်စိလျင်သော ယာဉ်ထိန်းရဲတွေ့သွားသည်။ မော်တော်ဆိုင်ကယ်နှင့် ရဲက လိုက်လာမှန်းသိတော့ 'ဘတ်' ကကားကို ရပ်လိုက်သည်။ သူ့မိန်းမကို ယာဉ်မောင်းနေရာတွင် ထိုင်ခိုင်းရန် ကြိုးစားသည်။ ဒါပေမယ့် နောက်ကျသွားသည်။

'ခင်ဗျား ခါးပတ် ပတ်မထားဘူးမဟုတ်လား' ဟု ရဲက 'ဘတ်' ကို မေးလိုက်သည်။

'ပတ်ပါတယ်ဗျာ။ မယုံရင် ကျုပ်မိန်းမကို မေးကြည့်ပါ' ဟု 'ဘတ်' ကပြန်ဖြေလိုက်သည်။

ရန်အောင်စာပေ

www.burmeseclassic.com



ရဲက 'ဘတ်' ၏ဇနီးကို တစ်ဆက်တည်းမေးလိုက်သည်။

'သူပြောတာ ဟုတ်ရဲ့လား'

'ဘတ်' ၏ ဇနီးပြောလိုက်ပုံကြောင့် ရဲက 'ဘတ်' ကို ဖမ်းသွားသည်။ ဖြေပုံကိုလည်း ကြည့်ပါဦး။

'ကျွန်မနဲ့သူ အိမ်ထောင်ကျတာ အနှစ် နှစ်ဆယ်ကျော်ပြီ သိလား။ ကျွန်မ အခုတော့ နပ်သွားပြီ။ သူမူးလာရင် ကျွန်မလေ သူနဲ့ ဘယ်တော့မှ အငြင်းအခုန်မလုပ်တော့ဘူးရှင့်'

❀ ❀ ❀

## သြော်ယောကျ်ားရယ်

မိန်းမဖြစ်သူက သူ့ယောကျ်ားအား မကျေမနပ် ပြောလိုက်သည်။

'ကျွန်မတို့ နေရထိုင်ရပုံကတော့ ရှက်လဲရှက်စရာပါပဲ။ ကျွန်မအမေက အိမ်ငှားခကို ပေးတယ်၊ ကျွန်မအဒေါ်က ကျွန်မတို့ အဝတ်အစားတွေကို ဝယ်ပေးပါတယ်။ ကျွန်မအစ်မက အစား အသောက်ဝယ်ခြမ်းဖို့ ပိုက်ဆံပေးတယ်။ အဲဒီလို အခြေအနေထက် ပိုကောင်းအောင် မလုပ်နိုင်တာ ကျွန်မ သိပ်ရှက်တာပဲ'

ထိုအခါတွင် ခင်ပွန်းဖြစ်သူက ပြောလိုက်သည်မှာကား -

'မင်းရှက်သင့်တာပေါ့၊ မင်းမှာ တို့ဆီကို တစ်ပြားမှ ပို့မပေးတဲ့ ဦးလေးနှစ်ယောက်ရှိရဲ့သားနဲ့'

❀ ❀ ❀

## အထင်နဲ့အမြင်

တုန်တုန်ရီရီဖြစ်နေသော အမျိုးသမီးတစ်ဦးသည် အလုပ်ထဲက ယောကျ်ားဖြစ်သူထံ ဖုန်းဆက်သည်။

'ကျွန်မ ထီပေါက်တယ်ရှင့်၊ ရှင့်အဝတ်အစားတွေ ထုတ်ပိုးပေတော့'

www.burmeseclassic.com



'ကောင်းပေ့။ နွေရာသီအဝတ်အစားလား။ ဆောင်းရာသီအဝတ်အစားလား'

ယောကျ်ားဖြစ်သူက ပြန်မေးလိုက်သည်။

'နှစ်ခုစလုံးပဲ။ ညခြောက်နာရီတိတိမှာ အိမ်ပေါ်က ဆင်းစေချင်တယ်'

❀ ❀ ❀



## အိပ်မက်အဓိပ္ပာယ်

အမျိုးသမီးတစ်ဦးသည် အိပ်ရာမှနိုးလာပြီး ခင်ပွန်းသည်အား ပြောလိုက်သည်။

'အထိမ်းအမှတ်အဖြစ် ရှင်ကျွန်မကို ပုလဲလည်ဆွဲလေးပေးတယ်လို့ ကျွန်မ ခုလေးတင် အိပ်မက်မက်တယ်။ အဲဒါ ဘာအဓိပ္ပာယ်လို့ ထင်သလဲ'

ရန်အောင်စာပေ

www.burmeseclassic.com



ခင်ပွန်းဖြစ်သူက ပြန်ပြောလိုက်သည်။

'မင်းဒီည သိမှာပေါ့ကွယ်'

ထိုနေ့ညတွင် ခင်ပွန်းဖြစ်သူသည် အထုတ်တစ်ထုတ်နှင့် အိမ်ပြန်လာသည်။ အထုတ်ကို ဇနီးအား ပေးလိုက်သည်။

ဇနီးသည် အထုတ်ကို အားရဝမ်းသာစွာဖွင့်ကြည့်လိုက်သည်။ အထုတ်ထဲမှာ တွေ့ရသည်မှာ 'အိပ်မက်အဓိပ္ပာယ်' ဟုအမည်ပေးထားသော စာအုပ်တစ်အုပ်ပင် ဖြစ်သည်။

❀ ❀ ❀

## အသင့်ကြိုဆိုတတ်လေသောသူ

ဝင်ဆာမြို့စားကြီး အင်္ဂလန်နန်းစွန့်၍ အရပ်သူကိုယူသွားချိန်တွင် သူ့ထံသို့ ရီနိုမြို့မှ လူတစ်ဦးက စာရေးသားပေးပို့ခဲ့သည်။ လူကြီးမင်းခင်ဗျား -

လှပပြီးချစ်စရာကောင်းလှတဲ့ အိမ်ထောင်ဖက်ကို ရွေးချယ်မှုအတွက် လူကြီးမင်းသတ္တိကို တစ်လောကလုံး ချီးကျူးပါတယ်။ သို့သော်လည်း အကြောင်းကြောင်းကြောင့် အိမ်ထောင်ရေး အဆင်မပြေမှုကြုံပါက ကမ္ဘာလင်ကွာ၊ မယားကွာမြို့တော်လို့ သတ်မှတ်ခဲ့ရတဲ့ ရီနိုမြို့က လူကြီးမင်းကို အသင့်ကြိုဆိုလျက်ရှိကြောင်း သိစေချင်ပါတယ်။ ရီနိုမြို့သားတစ်ဦး. . . ။

❀ ❀ ❀

## ခံစားလိုသောဆုံးရှုံးမှု

မိန်းကလေးက အလွန်ချမ်းသာသည်။ ကောင်လေးက ဆင်းရဲသည်။ သို့သော် ရိုးသားသည်။ ကောင်မလေးက သူ့ကို သဘောကျသည်။ သို့ပေမယ့် သဘောကျရုံမျှသာ ဖြစ်သည်။ သူကလည်း ဤသည်ကို သိသည်ပင်။

www.burmeseclassic.com



တစ်နေ့

'မင်း သိပ်ချမ်းသာတာပဲ' ဟု ကောင်လေးက ပြောသည်။

'ဟုတ်ပါတယ်၊ ကျွန်မက တစ်နေ့ ဒေါ်လာတစ်သန်း တန်တယ်လေ။ ကောင်မလေးက ပွင့်ပွင့်လင်းလင်း ပြောသည်။

'ဒါဆိုရင် ဘာဖြစ်လို့ မေးရတာလဲ'

'ဩော် ဒေါ်လာတစ်သန်း ဆုံးရှုံးသွားရင် ဘယ်လို ဖြစ်မယ် ဆိုတာ သိချင်လို့ပါ'

❀ ❀ ❀

## အနာဂတ်အရေး ကြိုတွေးမိတာမှ

တစ်ည ဂေါက်သီးရူး ဇနီးမောင်နှံတို့သည် အနာဂတ်ရေး ဆွေးနွေးနေကြသည်။

'ကိုရေ မေကသေပြီး ကိုကနောက်အိမ်ထောင်ပြုရမယ် ဆိုရင် ကိုတို့နှစ်ဦး ဒီအိမ်မှာပဲ နေမှာလား'

ဇနီးဖြစ်သူက မေးလိုက်သည်။

'ဒီလိုပဲ ထင်တယ်လေ၊ အိမ်ဖိုးက ပေးပြီးသားပဲဟာ' ဟု ယောကျ်ားဖြစ်သူက ပြောလိုက်သည်။

'မေတို့ ကားကျတော့ကော၊ ကိုတို့နှစ်ဦး ဆက်စီးကြမှာ လား။

'ဒီလိုထင်တာပဲ၊ ကားဖိုးက ပေးပြီးသားပဲဟာ'

'ခင့် ဂေါက်ရိုက်တံကျတော့ကော သူ့ကို သုံးခွင့်ပေးအုံးမှာ လား'

'ထိုအခါ ယောကျ်ားဖြစ်သူက ပြန်ပြောလိုက်သည်။

'ဟင့်အင်း သူက ဘယ်သန်ကွ'

www.burmeseclassic.com



## ဆုံးဖြတ်ထားသူများ

ခင်ပွန်းဖြစ်သူနှင့် ကွာရှင်းလိုကြောင်း လျှောက်ထားသော အမျိုးသမီးတစ်ဦးကို စိတ်ပြောင်းသွားအောင် တရားသူကြီးတစ်ဦးက ကြိုးစားလျက်ရှိသည်။

'ခင်ဗျား အသက် ၉၂ နှစ်၊ ခင်ဗျားယောကျ်ားအသက် ၉၄ နှစ်၊ အိမ်ထောင်ကျတာ ၇၃ နှစ်ရှိပြီ။ ခုမှ ဘာကြောင့် ကွာချင်ရတာလဲ။'

အမျိုးသမီးက ရှင်းပြသည်မှာ -

'ကျွန်မတို့အိမ်ထောင်ရေးက အဆင်မပြေတာ ကြာပါပြီရှင်။ ဒါပေမယ့် ကလေးတွေ သေတဲ့အထိစောင့်ဖို့ ကျွန်မတို့ ဆုံးဖြတ်ထားကြလို့ပါ'

❁ ❁ ❁

## ကံကောင်းသူ၏မေးခွန်း

အမျိုးသားနှစ်ဦး စကားပြောနေကြသည်။

(ပ) အမျိုးသား ။ ။ 'ခင်ဗျား မုဆိုးမတစ်ယောက်ကို လက်ထပ်လိုက်တယ် မဟုတ်လား။ ကျွန်တော်တော့ မုဆိုးမလင်မဖြစ်ချင်ဘူးဗျာ'

(ဒု) အမျိုးသား ။ ။ 'သူ့ရဲ့ ပထမ လင်ယောကျ်ားထက်စာရင် ငါကံကောင်းတာပေါ့ မဟုတ်ဘူးလား'

❁ ❁ ❁

ရန်အောင်စာပေ

www.burmeseclassic.com



## အကောင်းထဲကအဆိုး

လင်မယား ကွာရှင်းပြတ်စဲပေးမှုကို ဆောင်ရွက်ပေးခဲ့သော ရှေ့နေက သူ့အမှုသည်ကို ပြောကြားလိုက်သည်။

'သတင်းကောင်းနဲ့ သတင်းဆိုး ပြောစရာရှိတယ်'

ဤတွင် အမှုသည်က သက်ပြင်းချရင်း ပြောလိုက်သည်။

'ကျွန်တော်ကတော့ သတင်းကောင်းပဲ ကြားချင်ပါတယ်။ ဘာများပါလိမ့်ဗျာ'

'ခင်ဗျားရဲ့ မိန်းမက နောက်နောင်ခင်ဗျားရဲ့ အမွေဆက်ခံခြင်းနဲ့ ပတ်သက်ပြီး ဝင်ရောက်တောင်းဆိုခွင့် မရှိတော့ဘူးလေ'

'ဒါဆို သတင်းဆိုးကရောဗျာ'

'ကွာရှင်းပြတ်စဲပြီးတဲ့နောက် သူက ခင်ဗျားရဲ့ အဖေနဲ့ လက်ထပ်လိုက်တယ်လေကွာ'

❀ ❀ ❀

## အာဝယောကျ်ား


အလုပ်မှ အငြိမ်းစားယူပြီး ဇနီးမောင်နှံနှစ်ဦးသည် သူတို့ တစ်နေ့ နှစ်မိုင်လမ်းလျှောက်သင့်သည်ဟု ဆုံးဖြတ်ထားကြသည်။ သူတို့သည် တစ်သီးတစ်ခြား တည်ရှိနေသော တောလမ်းကလေးမှာ တစ်မိုင်လမ်းလျှောက်ရန် ရွေးချယ်လိုက်သည်။ သို့မှသာ ထိုနေရာမှ ပြန်လှည့်လာလျှင် နှစ်မိုင်ရှိမည်။ သည်လိုနှင့် သူတို့နှစ်ဦးသည် ပထမဆုံးခရီးကို တစ်မိုင်အထိ လမ်းလျှောက်ပြီးသည့်အခါ ယောကျ်ားဖြစ်သူက သူ့မိန်းမကို မေးလိုက်သည်။

'မင်းပြန်လှည့်ပြီး လမ်းကောင်းကောင်း လျှောက်နိုင်သေးတယ်လို့ ထင်သလား။ ဒါမှမဟုတ် သိပ်မောပြီလား'

'ဟင့်အင်း၊ မမောပါဘူး။ ကျွန်မ လမ်းကောင်းကောင်း

www.burmeseclassic.com





လျှောက်နိုင်ပါသေးတယ်'

ဤတွင် ယောက်ျားဖြစ်သူက ပြောလိုက်သည်မှာ -

'ကောင်းပြီ၊ ငါကဒီမှာစောင့်နေမယ်။ မင်း အိမ်ပြန်သွား ကားယူပြီး ငါ့ကိုလာခေါ်'

❀ ❀ ❀

## ယောက္ခမနဲ့ သားမက်စတိလ်း

အမေရိကန် လူရွှင်တော်မင်းသားကြီး စတီဗင်ရှိုက်က သူငယ်ငယ်တုန်းက အထက်တန်းကျောင်းတွင် ကြုံခဲ့ရသော ပြဿနာကို ပြန်ပြောပြသည်။


'ကျွန်တော့်ကောင်မလေးရဲ့ အဖေနဲ့ ကျွန်တော်တစ်ရက် ပြဿနာတက်ကြတယ်ဗျာ။ သူ့သမီးကို ကျွန်တော်အပြင်ခေါ်သွားဖို့ သွားခေါ်တော့ အဘိုးကြီးက ငါ့သမီးကို မင်း ၈ နာရီ ၁၅ မိနစ် အရောက်ပြန်ပို့ဖို့ ခပ်မာမာပြောတယ်။ ဒီတော့ ကျွန်တော်

www.burmeseclassic.com



လည်း ခပ်တည်တည်နဲ့ ဟုတ်ကဲ့ ၈ လပိုင်း ၁၅ ရက်နေ့မှာ ပြန်ပို့မယ်လို့ ပြောမိလိုက်လို့ အဘိုးကြီး ဒေါ်ခွီးသွားတယ်ဗျာ'

❀ ❀ ❀



# ထူးတဲ့အချစ်

စိတ်ကူးယဉ်တတ်သော လူငယ်လေးတစ်ဦးက သူ့ချစ်သူကောင်မလေးကို ပြောလိုက်သည်။

'အချစ်ရယ်၊ ကိုယ်မင်းနဲ့ တွေ့ပြီးကတည်းက မစားနိုင်၊ မအိပ်နိုင်၊ မသောက်နိုင် ဖြစ်နေတယ် သိလား'

'ဘာဖြစ်လို့လဲရှင်' ဟု ကောင်မလေးက ပြန်မေးသည်။

ဤတွင် ကောင်လေးဖြေလိုက်သည်မှာ -

'ကိုယ် ဘိုင်ကျနေလို့ပါကွယ်'

ရန်အောင်စာပေ

www.burmeseclassic.com



## ပစ်မထားနဲ့အချစ်ရယ်

လူချမ်းသာတစ်ဦးသည် ကစားဝိုင်းမှ ပြန်လာသည်။ သူ့မိန်းမအား သူတို့ရှိသမျှ ငွေကြေးဥစ္စာများ ဆုံးရှုံးသွားပြီဖြစ်၍ သူတို့၏ဘဝပုံစံကို ရုတ်တရက်ပြောင်းပစ်ရမည် ဖြစ်ကြောင်း ပြောသည်။

'မင်း ချက်နည်းပြုတ်နည်း သင်ထားရင် တို့စားဖိုမှူးကို ဖြုတ်ပစ်နိုင်တာပေါ့'

ဤတွင် ဇနီးဖြစ်သူက ပြန်ပြောလိုက်သည်မှာ . . .

'ကောင်းတာပေါ့ရှင်။ ရှင်လည်း ချစ်နည်း ကြိုက်နည်း သင်ထားရင် ကျွန်မတို့ ဥယျာဉ်မှူးကို ဖြုတ်ပစ်နိုင်တာပေါ့'

❀ ❀ ❀

## အချစ်ရဲ့ ထင်မြင်ချက်

အောင်မြင်သော်လည်း လေလုံးထွားတတ်သူ ခွဲစိတ် ဆရာဝန် တစ်ဦးသည် ညစာစားပွဲတစ်ခုအပြီးတွင် ထပြီးစကားပြောသည်။

'ကျွန်တော်တို့ဆရာဝန်တွေဟာ ဒီဘဝမှာ ရန်သူအတော်များပါတယ်'

သူစကားပြောခဏရပ်လိုက်စဉ် သူ့နံဘေးမှ ဇနီးဖြစ်သူက တီးတိုး ပြောလိုက်သည်။

'နောက်ဘဝ ဒီထက် ပိုများသေး'

❀ ❀ ❀

## ဖြစ်နိုင်ချေရဲ့ အလိဘိုင်

ဇနီးမောင်နှံနှစ်ဦးသည် ရုပ်ရှင်ရုံတစ်ခု၌ ဟောလိဝုဒ်စုံထောက်ဇာတ်ကား ကြည့်နေကြသည်။ ဇာတ်ကားမှာ လူသတ်သမားဖြစ်နိုင်ချေရှိသူ အနည်းဆုံး တစ်ဒါဇင်လောက်ရှိနေသည်။

'ကျွန်မတော့ ပေါလ်နယူမင်းဟာ လူသတ်သမားဖြစ်လိမ့်မယ် လို့ လောင်းရဲတယ်'

www.burmeseclassic.com



ဇနီးဖြစ်သူက ခင်ပွန်းကို တီးတိုးပြောလိုက်သည်။

'မတုံးစမ်းပါနဲ့ကွ၊ ဒီကားမှာ ပေါလ်နယူမင်းက ပါတောင် မပါဘူးဟု ခင်ပွန်းသည်က ပြန်ပြောသည်။

'အဲဒါ ကျွန်မဆိုလိုတာပေါ့၊ ဘယ်လောက်ကောင်းတဲ့ အလီဘိုင်လဲလို့'

(အလီဘိုင်မှာ လူသတ်မှုဖြစ်ချိန်၌ တခြားမှာရှိနေကြောင်း ထွက်ဆိုချက်)

❀ ❀ ❀

## အငြိုးကြီးသူ

အမျိုးသားတစ်ယောက်သည် သူ့သင်းအုပ်ဆရာထံ သွားပြီး သူ့ဘဝသည် အထီးကျန်ဖြစ်နေကြောင်း ပြောပြသည်။ သင်းအုပ်ဆရာက 'ဘာဖြစ်လို့လဲ' ဟု မေးလိုက်သည်။

'ဘာကြောင့်လဲဆိုတော့ ကျွန်တော်လက်ထပ်ခွင့်တောင်းတဲ့ မိန်းကလေးက ကျွန်တော့်ကို ငြင်းလိုက်လို့ပါ'


'ဒါလေးများ စိတ်မပျက်ပါနဲ့ကွာ၊ မိန်းမတစ်ယောက်က 'ဟင့်အင်း' လို့ပြောတာ တစ်ခါတစ်လေမှာ 'ဟုတ်ကဲ့' လို့ အဓိပ္ပာယ် ရပါတယ်။

သင်းအုပ်ဆရာက နှစ်သိမ့်လိုက်သည်။ ဤတွင် ထိုသူက ဝမ်းနည်းစွာဖြင့် ပြန်ပြောလိုက်သည်ကတော့ 'ဒါပေမယ့်သူက ဟင့်အင်းလို့ ပြောတာမဟုတ်ဘူးဗျ၊ သွားသေလိုက်တဲ့'။

❀ ❀ ❀

www.burmeseclassic.com





## သူ့အပြစ်နှင့်သူ

လူတစ်ဦးသည် သေဆုံးပြီး ငရဲသို့ရောက်သွားသည်။ ငရဲအိုးများနှင့် ငယ်သံပါအောင် အော်နေကြသော ငရဲခံနေရသူများကို ဖြတ်သွားစဉ် သူတို့မြို့က နာမည်ဆိုးနှင့် အကျော်ကြားဆုံး ရှေ့နေတစ်ဦးကို လှလှပပမော်ဒယ်လေးတစ်ဦးနှင့် ဖက်လျက် တွေ့လိုက်ရသည်။

'ဒါကတော့ ဘယ်တရားမလဲ'

သူက ငရဲမင်းကို ပြောလိုက်သည်။

'ကျုပ်ကတော့ ကမ္ဘာတစ်ဆုံး ငရဲမှာအကြော်ခံရမယ်။ ဒီလူယုတ်မာ ရှေ့နေကျတော့ သူနဲ့အကြည်ဆိုက်နေရမယ်တဲ့'

'တိတ်စမ်း'

ငရဲမင်းက ခရင်းခွသံဏ္ဍာန်လက်နက်နှင့် သူ့အား ဆောင့်ထိုးရင်း ပြောလိုက်သည်။

'မင်းက မင်းအပြစ်မင်းခံ။ မော်ဒယ်မက သူ့အပြစ်သူခံရမှာပေ့ါ'

ရန်အောင်စာပေ

www.burmeseclassic.com



## သူ့အတွေးနှင့်သူ

ဇနီးဖြစ်သူက သူ့ခင်ပွန်းကို ပြောလိုက်သည်။

'အမေ ကျွန်မတို့နဲ့ လာနေမယ်ဆိုရင် ကျွန်မတို့ သည့်ထက်ကြီးတဲ့ အိမ်ကိုပြောင်းမှဖြစ်မယ်ထင်တယ်'

ထိုအခါ သူ့ခင်ပွန်းက ပြောလိုက်သည်မှာ -

'ပြောင်းလဲ အလကားပါကွာ၊ အနေးနဲ့အမြန် မင်းအမေတို့ကို ရှာတွေ့သွားမှာပါပဲ'

❀ ❀ ❀

## အချစ်ကိုကျိုးစားမိလေတော့

ရှေ့နေတစ်ဦးသည် ငိုကြွေးနေသော မုဆိုးမတစ်ဦးကို ကြိုးစားနှစ်သိမ့်နေသည်။ သူမ၏ ခင်ပွန်းမှာ သေတမ်းစာမထားခဲ့ဘဲ သေဆုံးသွားခဲ့သည်။ ရှေ့နေက မေးလိုက်သည်။

'သွားလေသူ နောက်ဆုံးစကားများ ပြောသွားသေးသလား'


'ရှင်ဆိုလိုတာက သူမသေခင်အချိန်ကလေးကို ပြောတာလား' မုဆိုးမက ငိုရှိုက်ရင်းမေးလိုက်သည်။

'ဟုတ်ပါတယ်။ ပြန်စဉ်းစားဖို့ မခဲယဉ်းဘူးဆိုရင် အထောက်အကူဖြစ်နိုင်ပါတယ်' ။ ဟုတ်ပြီလေ မုဆိုးမက -

'သူပြောတာက မင်းငါ့ကို ချောက်လှန့်ဖို့ မကြိုးစားပါနဲ့၊ အဲဒီသေနတ်နဲ့မင်း စပါးကျီအကျယ်ကြီးကိုတောင် ထိအောင်ပစ်နိုင်တာ မဟုတ်ပါဘူးတဲ့'

www.burmeseclassic.com





## ဖုန်းဆက်တဲ့မြင်း

ယောကျ်ားဖြစ်သူ မနက် ကော်ဖီသောက်နေချိန်ဖြစ်သည်။ သူ့ဇနီးနောက်ကရောက်လာပြီး ယောကျ်ား၏ ဇက်ပိုးကို အုပ်ထည့်လိုက်သည်။

'ရှင့်ဘောင်းဘီအိတ်ထဲမှာ မေရီလို့ ရေးထားတဲ့စာရွက်တစ်ရွက်တွေ့တယ်။ ရှင် ရှင်းပြရင်ကောင်းမယ်'

မိန်းမဖြစ်သူက ဒေါသနှင့်ပြောလိုက်သည်။

'စိတ်အေးအေးထားစမ်းပါ အချစ်ရယ်၊ ပြီးခဲ့တဲ့အပတ်က ကိုယ်မြင်းပွဲသွားတာ မင်းမှတ်မိလား။ ဒါကိုယ်လောင်းခဲ့တဲ့မြင်းနာမည်ပါ' ယောကျ်ားကပြန်ပြောလိုက်သည်။

နောက်တစ်နေ့နံနက် မိန်းမဖြစ်သူ ပြုန်းဆိုရောက်ချလာပြီး ယောကျ်ားကို ရိုက်လိုက်ပြန်သည်။

ရန်အောင်စာပေ

www.burmeseclassic.com



'ဟော့ ဘာဖြစ်လို့ ရိုက်ရတာလဲ'

ယောက်ျားဖြစ်သူက မကျေမနပ်ပြောလိုက်သည်။

'ရှင့်မြင်း မနေ့က ဖုန်းဆက်တယ်လေ'

❀ ❀ ❀

## ခံနိုင်ရည်ရှိသူများ

လူတစ်ယောက်က လုပ်ငန်းရှင်တစ်ဦးအား မေးလိုက်သည်။

'ခင်ဗျားက ဘာဖြစ်လို့ လူပျို လူလွတ်တွေမခန့်ဘဲ အိမ်ထောင်ရှင်တွေကို ဦးစားပေးခန့်ရတာလဲ'

ဤတွင် လုပ်ငန်းရှင်က ပြန်ပြောလိုက်သည်မှာ -

'ဘာကြောင့်လဲဆိုတော့. . . အိမ်ထောင်သည်တွေက သူတို့ကို ကျွန်တော်ဟောက်ရင် စိတ်အနှောင့်အယှက်ဖြစ်ပုံ မရဘူးဗျ။'

www.burmeseclassic.com





## စားလို့ကောင်းပေမယ့်

အိမ်ထောင်ရှင်မတစ်ယောက်သည် အခြားအိမ်ထောင်ရှင်မတစ်ဦးအား သူမ ဒုက္ခများကို ရှင်းပြနေသည်။

'ကျွန်မ အချက်အပြုတ်နဲ့ ကျွန်မယောက်ျားကျေနပ်အောင်လုပ်လို့မရဘူး။ ဥပမာ-ပြီးခဲ့တဲ့အပတ်ကိုပဲကြည့်။ သူ့ကို အင်မတန်ကောင်းတဲ့ ၁၂ ပေါင်အလေးချိန်ရှိတဲ့ယုန် ဝယ်ပြီးချက်ကျွေးတယ်။ တနင်္လာနေ့မှာ သူ့ကို ယုန်သားနှပ်ကျွေးတယ်။ အင်္ဂါနေ့မှာ ယုန်ခြေထောက်ဟင်းချို ဗုဒ္ဓဟူးနေ့ကျတော့ ယုန်သားဟင်း၊ သောကြာနေ့ကျတော့ ယုန်သားဟမ်ဘာဂါ၊ အဲဒီဟင်းတွေကို ဖွယ်ဖွယ်ရာရာ ကျွန်မချက်ကျွေးတော့ သူကျေနပ်တယ်မှတ်လား။ မကျေနပ်ပေါင်။ စနေနေ့မနက်ကျတော့ ကျွန်မကို ပန်းရောင်သန်းနေတဲ့ မျက်လုံးကြီးတွေနဲ့ ဘုကြည့် ကြည့်နေတယ်လေ'

ရန်အောင်စာပေ

www.burmeseclassic.com



## မိန်းမသားများရဲ့ဒုက္ခ

အမျိုးသမီးနှစ်ဦးသည် မိန်းမသားများ ခံစားရသော ဒုက္ခ အကြောင်း ဆွေးနွေးနေကြသည်။

(ပ) အမျိုးသမီး ။ ။ 'ယောကျ်ားတစ်ယောက်ကို ပြုံးပြရင် သူ့ကို ပြုံးပြနေတယ် မှတ်တယ်။ ခပ်တည်တည် နေပြန်တော့လဲ ရေခဲတုံးမလို့ ဆိုပြန်တယ်'

(ဒု) အမျိုးသမီး ။ ။ 'ကိုယ်တို့ သူ့ကိုနမ်းခွင့်ပေးလိုက်ရင်လဲ ဒီလောက် အညှာ လွယ်ရသလားလို့ ပြောပြန်တယ်။

(ပ) အမျိုးသမီး ။ ။ 'သူ့ကို နမ်းခွင့်မပေးရင်ကော'

(ဒု) အမျိုးသမီး ။ ။ 'ကိုယ့်ကိုပစ်ပြီး တခြားဆီရောက်သွားတယ်လေ။ သူ့ကိုမြှောက်ပင့်ပြန်တော့လဲ ရိုးအတယ်လို့ ထင်ပြန်ရော။ မမြှောက်ပင့်ရင်လဲ သူ့ကို နားလည်မှု မရှိဘူးလို့ ထင်နေတယ်'

www.burmeseclassic.com



(ပ) အမျိုးသမီး ။ ။ 'မထူးပါဘူး။ အဲဒီဒုက္ခတွေ ကျော်လွှား နိုင်ဖို့ ဆုတောင်းရင်းနဲ့သာ'

❀ ❀ ❀

## တုသနည်း

ယောက်ျား ။ ။ မိန်းမရေ၊ ကိုယ်အိပ်ရာကထပြီး အမြဲတမ်း တစ်နာရီကြာလောက်ခေါင်းမူးနေတတ်တယ်။

မိန်းမ ။ ။ ဒါဆို တစ်နာရီ နောက်ကျထလိုက်ပေါ့။

❀ ❀ ❀

www.burmeseclassic.com



## မေ့နေတဲ့အပြစ်ကား

ညစ်ခံပွဲတစ်ခုတွင် ဖြစ်သည်။ သတိမေ့တတ်သော ပါမောက္ခတစ်ဦးသည် အလွန်လှပသော အမျိုးသမီးတစ်ဦး၏ ဘေးတွင် ထိုင်နေခဲ့သည်။

ထိုအမျိုးသမီးက တစ်ချက်ပြုံးပြလိုက်ပြီး -

'ပါမောက္ခကြီး၊ ကျွန်မကို လက်ထပ်ခွင့် တောင်းခဲ့တယ်လေ'

ပါမောက္ခကသူမကိုကြည့်ပြီး တုန့်ပြန်ပြောလိုက်သည်မှာ-

'ဟုတ်လားခင်ဗျာ၊ လက်ထပ်ခွင့်ပေးခဲ့သလား'



www.burmeseclassic.com



## လှပတဲ့အဖြေ

အမျိုးသားတစ်ဦးသည် မိန်းမချောလေးတစ်ဦးကို သုံးနှစ်လုံးလုံး လိုက်လံပိုးနေခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ နောက်ဆုံးတော့ သူသည် မိန်းမချောလေး၏ ဖခင်ထံသို့ သွားပြီး မဝံ့မရဲဆိုလိုက်သည်။

'ဦးလေးခင်ဗျာ၊ ဦးသမီးကို ကျွန်တော် ချစ်နေမိတာ သုံးနှစ်ကျော်ပါပြီ'

ထိုအခါ ဖခင်ဖြစ်သူက မေးလိုက်သည်။

'ကဲဒီတော့ ငါဘာလုပ်ပေးရမလဲ၊ မင်းပင်စင်လိုချင်လို့လား'

❀ ❀ ❀

## အလေ့အကျင့်ရှိနေသော

ဂျင်မီသည် ထမင်းဟင်း ချက်ပြုတ်ရသည်ကို ဝါသနာပါ၍ မီးဖိုချောင်ထဲဝင်ကာ ထမင်းဟင်းချက်ပြုတ်နေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။

တစ်နေ့ သူ့သမီးသည် သူမနှင့်မကြာခင် အိမ်ထောင်ပြုတော့မည့် သူ့ရည်းစားကို မီးဖိုချောင်ထဲခေါ်လာ၍ အလုပ်လုပ်နေသော သူမဖခင်ကို ပြရင်းပြောလိုက်သည်။

'ဒက်ဒီ၊ ဒက်ဒီအလုပ်လုပ်နေတာကိုပြဖို့ ကိုချာလီကို ခေါ်လာခဲ့တယ်။ သမီးတို့ယူပြီးရင် သူမီးဖိုချောင် ဝေယျာဝစ္စကျွမ်းကျင်နေအောင်လေ'

www.burmeseclassic.com





## အတွက်မှားလို့ပါအချစ်ရယ်

ဇနီးသည်က အရက်သမား လင်ယောကျ်ားကို ဒေါသ တကြီး မေးလိုက်သည်။

'ရှင့်ကို တစ်နေ့ ခွက်သေးနှစ်ခွက်ပဲသောက်ဖို့ သတ်မှတ် ထားတာ၊ ဘာလို့ ပိုသောက်တာလဲ'

'ငါ စာသိပ်မတတ်ဘူး၊ ဂဏန်းအတွက်မှားမှာပေ့ါ'

❀ ❀ ❀

## နားလည်ရန်ကြိုးစားသူ

အမျိုးသားနှစ်ဦး စကားပြောနေကြသည်။

မိန်းမတွေကို နားလည်ဖို့ မလွယ်ဘူးကွာ။ အတော် အချိန် ယူ ကြိုးစားရတယ်ကွာ။

ဤတွင် ဒုတိယအမျိုးသားက ပြောလိုက်သည်။

'ဒါပေမယ့်ကွာ နောက်ဆုံး မိန်းမတွေကို နားလည်လာတဲ့ အချိန်မှာတော့ အဲဒီမိန်းမက တို့ကို မျက်စေ့အောက်က အပျောက် မခံတဲ့အပြင် အလစ်လည်း မပေးတော့တာ ကြုံရတယ်ကွာ'

www.burmeseclassic.com



## အချစ်ရဲ့နာမည်ကျော်စရာအခွင့်အရေး

အချစ်ရူးလေးရစ်ချက်က သူမအချစ်ကိုမှ မရလျှင် သူ့ကိုယ်သူသတ်သေမည်ဟု ခြိမ်းခြောက်လိုက်သည်။ သည်အခါ သူ့ချစ်သူက အခန်းထဲမှ ခပ်သုတ်သုတ်ထွက်သွားသည်။ တအောင့်အကြာတွင် သူမ ဓာတ်ပုံတစ်ပုံကိုင်လျက်ပြန်လာသည်။ ဓာတ်ပုံနောက်ကျောတွင် 'အချစ်များစွာဖြင့် ရိုမီ' ဟု ရေးသားထားသည်ကို တွေ့ရသည်။

'ရှင် ဒီဓာတ်ပုံကို အမြဲတစေကိုယ်နဲ့မကွာ ရှင့်အင်္ကျီအိတ်ထဲ ထည့်ပြီး ရှင့်နှလုံးသားနဲ့ အနီးဆုံးနေရာမှာထားမယ်လို့ ကတိပေးပါ' ဟု သူမကဆိုလိုက်သည်။

အချစ်ရူးလေးက အလွန်အမင်းဝမ်းသာသွားသည်။

'အို ထားမှာပေါ့၊ ထားမှာပေါ့ အချစ်ရယ်။ ဒါဆိုရင် မင်းကိုယ့်ကို အလေးထားတယ်ပေါ့'

'အလေးထားတယ်. . . ဟုတ်တယ်လေ။ ထားတာပေါ့'

သည့်နောက် သူမက အလေးအနက်ပြောသည်မှာ -

'စဉ်းစားကြည့်စမ်း ရှင့်အလောင်းပေါ်မှာ ကျွန်မဓာတ်ပုံကို တွေ့သွားရင် ကျွန်မဘယ်လောက် နာမည်ကြီးသွားမယ်ဆိုတာ။ လူတစ်ယောက် အသက်ပေးရလောက်တဲ့သူဆိုတာ နည်းနည်းနောနော ဂုဏ်မဟုတ်ဘူး'

❀ ❀ ❀

## မကြားချင်ဘဲနှင့်

စကားဝိုင်းတစ်ခုတွင် လူငယ်တစ်ဦးက မေးမြန်းလိုက်သည်။

'အိမ်ထောင်သည်တွေဟာ လူပျိုလူလွတ်တွေထက် အသက်ပိုရှည်တယ်ဆိုတာ ဟုတ်ရဲ့လား'

www.burmeseclassic.com



ကျန်လူများ ဘာမှမဖြေနိုင်ခင်မှာပင် အလွန်အမင်း စိတ်ဆင်းရဲနေသူတစ်ဦးက ဆိုလိုက်သည်။

'အသက်ရှည်တာတော့ မဟုတ်ဘူး။ ပိုပြီးကြာကြာနေနေ ရတယ်လို့ ထင်ရတတ်တာပဲ'

❀ ❀ ❀



## မှတ်စပ်ပါးအခြားမရှိ

သားမက်လောင်းနှင့် ယောက္ခမတို့၏ စကားပြောခန်း ဖြစ်သည်။

'အဲဒီတော့ မင်းက ငါ့သားမက်ဖြစ်ချင်တယ်ပေါ့'

'မဖြစ်ချင်လှပါဘူးဗျာ၊ ဒါပေမယ့် ဦးသမီးကို ကျွန်တော် လက်ထပ်ချင်မှတော့ ကျွန်တော့်အတွက် တခြားရွေးစရာ မရှိတော့ ဘူးမဟုတ်လား။

ရန်အောင်စာပေ

www.burmeseclassic.com



## ထို့ကြောင့်သို့မှုခြင်း

'တို့မိန်းမက ဝိတ်လျှော့မလို့ကွ။ အဲဒါကြောင့် သူမြင်းကို တစ်ချိန်လုံးစီးနေတာ'

'အဲဒီတော့ ရလဒ်က ဘယ်လိုလဲ'

'ပြီးခဲ့တဲ့အပတ်က မြင်းတော့ ဆယ်ပေါင်ကျသွားလေရဲ့'

❀ ❀ ❀

## ပြဿနာမဟုတ်တဲ့ပြဿနာ

အမျိုးသမီးတစ်ဦးသည် အိမ်ထောင်ရေးအတိုင်ပင်ခံတစ်ဦး ထံသွားပြီး အကူအညီတောင်းသည်။

'ကျွန်မ ဘာလုပ်ရမှန်းမသိဘူးဖြစ်နေတယ်ရှင့်။ ကျွန်မက လည်း သူ့ကိုချစ်တယ်။ သူကလည်း ကျွန်မကိုချစ်တယ်။ ကျွန်မတို့ဟာ ကြိုက်တဲ့အလုပ်ချင်းလဲ တူကြတယ်။ ကြိုက်တဲ့ ရုပ်ရှင်၊ တီဗွီချင်းလဲ တူတယ်။ ပြီးတော့ နှစ်ယောက်အတူမရှိကြရင် နှစ်ယောက်စလုံး သောကရောက်နေကြတယ်'

အတိုင်ပင်ခံ ခေါင်းကုတ်သည်။

'ဟာကွာ မင်းတို့နှစ်ယောက်က တစ်ယောက်အတွက် တစ်ယောက်ကို ဖန်တီးထားသလို ဖြစ်နေတဲ့ဟာပဲ။ ဘာပြဿနာရှိလို့လဲ'

'ပြဿနာလား၊ ပြဿနာက ကျွန်မယောကျ်ားကို ဘယ်လို ပြောရမှန်းမသိဘူး ဖြစ်နေတယ်'

❀ ❀ ❀

www.burmeseclassic.com





## အချစ်ရဲ့ စကားရှက်

ညကြီးမိုးချုပ် ဖုန်းလာသောကြောင့် လူတစ်ဦးက ပြန်ပြောနေသည်။

'ဘယ်သိမလဲဗျာ၊ မိုးလေဝသဌာနကို မေးပါလား'

'ဘယ်သူလဲ' ဟု သူ့မိန်းမက မေးလိုက်သည်။

'သိပါဘူးကွာ၊ ကမ်းခြေရှင်းလင်းရဲ့လားလို့ မေးနေတယ်' ဟု ယောကျ်ားဖြစ်သူက ပြန်ဖြေလိုက်သည်။ သူ့မိန်းမက ပြုံးနေ၏။

ရန်အောင်စာပေ

www.burmeseclassic.com



## ရွှေနေကြောက်သူ

ဆရာဝန်တစ်ဦးသည် သူ့ဇနီးနှင့်အတူ ပင်လယ်ကမ်းခြေမှာ အားလပ်ရက်အပန်းဖြေနေသည်။ သူသည်ရုတ်တရက် ရေထဲမှ အဖျားပေါ်နေသော ငမန်းဆူးတောင်ကို မြင်ပြီး မေ့မြောမတတ်ဖြစ်သွားသည်။

သူပြန်လည်တည်ငြိမ်သွားတော့ သူ့ဇနီးကပြောသည်။

'ဒါလင်၊ အဲဒါဟာ ငမန်းတစ်ကောင်ပါကွယ်၊ ရှင်ဟာ နေရာတကာမှာ ရွှေနေတွေရှိတယ်ဆိုတဲ့အတွေးကို ရပ်ပစ်မှဖြစ်တော့မယ်'

❀ ❀ ❀

## အဆိုးမြင်ပွဲ

ဝီလ်နှင့် ဘီလ်တို့ စကားပြောနေကြသည်။

ဝီလ် ။ ။ 'ငါ့ကို နှစ်ပြားမတန်ဆက်ဆံလိုက်တယ်'

ဘီလ် ။ ။ 'ငါ့ကို လုပ်လိုက်ပုံက ပိုဆိုးတယ်'

ဝီလ် ။ ။ 'ဘယ့်နှယ့်ပိုဆိုးနိုင်မလဲ၊ ငါ့ကိုသူက ပစ်သွားတာ'

ဘီလ် ။ ။ 'ပိုဆိုးတာပေါ့ကွ၊ ငါ့ကိုသူက လက်ထပ်လိုက်တာ'

❀ ❀ ❀

## အရေးကြီးတဲ့နေရာ

သားက သူ့မိခင်ကို ဖြစ်ကြောင်းကုန်စင် ပြောပြနေသည်။

သား ။ ။ 'မေမေ၊ သားက ကားပေါ်မှာဖေဖေနဲ့ထိုင်နေတုန်း ဖေဖေကသားကို အမျိုးသမီးတစ်ဦးအတွက် သားရဲ့နေရာကိုပေးလိုက်ပါလို့ ပြောတယ်'


www.burmeseclassic.com



မိခင် ။ ။ 'ဒါလုပ်ရမယ့်အလုပ်ပဲ'

သား ။ ။ 'ဒါပေမယ့် မေမေရယ်၊ အဲဒီအချိန်မှာ သားက ဖေဖေ့ပေါင်ပေါ်မှာ ထိုင်နေတာ'

❀ ❀ ❀



## လက်တွေ့စကား

ချစ်သူနှစ်ဦး စကားပြောနေကြသည်။

အမျိုးသား ။ ။ 'ကိုယ့်ကို လေထဲလမ်းလျှောက်သလို မြောက်ကြွသွားစေမယ့် စကားလေးတွေ တီးတိုးဆိုလိုက်စမ်းပါ အချစ်ရယ်'

အမျိုးသမီး ။ ။ ကိုယ့်ကိုကိုယ်ကို ဆွဲကြိုးချသွားလိုက်။

www.burmeseclassic.com



## အချစ်ရဲ့ နောက်ဆက်တွဲဇာတ်လမ်း

လူ့ရွှင်တော် ခရစ်ရောဇ် တစ်ခါတုန်းက ထုတ်ထားတဲ့၊ ပြက်လုံးလေးကို နားဆင်ကြည့်ပါ။

'ကျွန်တော်သာ ကျွန်တော့လက်ထပ်ပွဲကို စိတ်ကြိုက် စီစဉ်ရမယ်ဆိုရင် သတို့သားရဲ့ ဧည့်သည်နဲ့ သတို့သမီးရဲ့ ဧည့်သည် ဆိုပြီး ခွဲမနေတော့ပါဘူးဗျာ။ ဒါပေမယ့် ကျွန်တော်အိမ်ထောင်ပြုတာ မှန်တယ်လို့ ပြောတဲ့လူနဲ့ မှားတယ်၊ ဘဝပျက်ပြီလို့ ပြောတဲ့လူအုပ်စု နှစ်စုခွဲပြီး ဖိတ်ထားတယ်။ ဒါမှ တစ်ချိန်မှာ ကျွန်တော်နဲ့ ကျွန်တော့် ဇနီး ကွာရှင်းပြတ်စဲပြီးတဲ့အခါ ကျွန်တော်ဘယ်သူ့ဆီ လှမ်းဖုန်းဆက်ပြီး အကူအညီတောင်းရမယ်ဆိုတာ ကျွန်တော်သိမယ်'

❁ ❁ ❁

## ပြောင်းလဲပေးသူ

ဘီလ် ။ ။ 'ကျုပ်ဇနီးက ကျုပ်ကို တစ်စုံတစ်ရာကို ယုံကြည်သူဖြစ်အောင် လုပ်လိုက်တယ်'

မိုက် ။ ။ 'ဘယ်လိုများ လုပ်လိုက်သလဲ'

ဘီလ် ။ ။ 'သူ့ကို မရခင်က ငရဲဆိုတာကို ကျုပ် ယုံကို မယုံခဲ့ဘူး။ အခုတော့. . . '

❁ ❁ ❁

## ရင်ခုန်သံကို မမှုဝေနိုင်သူရဲ့ အဖြစ်

အပျိုဟိုင်းကြီးတစ်ဦးနှင့် ဆယ်ကျော်သက်အပျိုမလေး တစ်ဦးတို့ စကားပြောနေကြသည်။

အပျိုဟိုင်းကြီး ။ ။ 'ငါ ငယ်ဘဝကို မတွေးချင်ဘူး'

အပျိုမလေး ။ ။ 'ဘာဖြစ်လို့လဲ မမရယ်'

အပျိုဟိုင်းကြီး ။ ။ 'ဘာမှမဖြစ်လို့'

ရန်အောင်စာပေ

www.burmeseclassic.com



## တွာခြားချက်

လူရွှင်တော်နှစ်ဦး ပြက်လုံးထုတ်နေကြသည်။

(ပ) လူရွှင်တော် ။ ။ 'မိန်းမနဲ့ယောကျ်ား ဘာကွာခြားလဲ မင်းသိလား'

(ဒု) လူရွှင်တော် ။ ။ 'ငါ့အမြင်ပြောရရင် ယောကျ်ားက သူလိုချင်တဲ့ တစ်ကျပ်တန်ပစ္စည်းအတွက် နှစ်ရာပေးချင်ပေးမယ်။ မိန်းမကတော့သူလိုချင်တဲ့ နှစ်ကျပ်တန်ပစ္စည်းကို တစ်ကျပ်နဲ့ ဝယ်မည်'

❁ ❁ ❁

## အမှောင်ထဲမှာ

နံနက် (၂) နာရီအချိန်တွင် အမျိုးသမီးတစ်ဦးသည် အိပ်ခန်းထဲသို့ တစ်ယောက်ယောက် တိတ်တဆိတ်ဝင်နေကြောင်း အသေအချာကြားသိလိုက်သည်။

'အောက်ထပ်ကို ခြေဖျားထောက်ပြီးဆင်းသွား။ မီးမဖွင့်နဲ့။ သူမသိခင် သူ့အနားကိုရောက်အောင် တိတ်တိတ်လေးကပ်သွား'

တံခါးဆီသို့အသွား မိန်းမဖြစ်သူက ထပ်ဆင့်အမှာစကား ပြောလိုက်သည်။

'ရှင်ပြန်လာရင် ကွန်မဖို့ နွားနို့တစ်ခွက် ယူခဲ့စမ်းပါ'

www.burmeseclassic.com





## အချစ်ဥပမာ

သူငယ်ချင်းနှစ်ဦးသည် အချစ်အကြောင်း ဆွေးနွေးနေကြသည်။

ပထမသူငယ်ချင်း ။ ။'အချစ်ဆိုတာဘာလဲ မင်းသိရဲ့လား'

ဒုတိယသူငယ်ချင်း ။ ။'အချစ်ဆိုတာ ဥပမာပေးရရင် ရေအိမ်သုံး စက္ကူနဲ့ တူတယ်ကွာ၊ ပထမတစ်စကို ဆွဲဖြုပြီးရင် ကျန်တာတွေ အလွယ်တကူ ပါလာတယ်ကွ'

❁ ❁ ❁

ရန်အောင်စာပေ

www.burmeseclassic.com



## အရေးကြီးဆုံးနေရာ

အမျိုးသားတစ်ဦးသည် ဒေါ်လာတစ်စောင်ထည့်ထားသော ပိုက်ဆံအိတ်ကို သူ့အင်္ကျီတွေထဲမှာ အသည်းအသန် လိုက်ရှာနေသည်။

သူ့မိန်းမက သူ့စိတ်တည်ငြိမ်စေရန် ကြိုးစားသည့်အနေဖြင့် မေးလိုက်သည်။

'ရှင့်ဘောင်းဘီအိတ်ကော ရှာကြည့်သေးလား'

'အေး'

'အပေါ်အင်္ကျီ အတွင်းအိတ်တွေမှာရော'

'ဟင့်အင်း'

'ဘာဖြစ်လို့ မရှာတာလဲ'

'ပိုက်ဆံက အဲဒီမှာမရှိရင် ငါနှလုံးရောဂါဖြစ်ပြီကွ'

❀ ❀ ❀

## ကံဆိုးသူရဲ့ ကြေကွဲဇာတ်လမ်း

သူငယ်ချင်းနှစ်ယောက်တွေ့ဆုံကြသည်။ တစ်ဦးဟာ သူ့ဘဝဇာတ်ကြောင်းကို ကြေကွဲစွာ ဖွင့်ဟပြောနေသည်။

'ငါကတော့ ကံဆိုးလိုက်တာများ ထိပ်ဆုံးကနေ အောက်ဆုံးကို ပစ်ကျသလိုပါပဲကွာ။ ငွေလည်းတစ်ပုံကြီး။ အိမ်တစ်လုံးလည်း ပါသေးတယ်။ အမျိုးသမီးကလည်း ရက်ရက်စက်စက် ချောပါတယ်'

'ဒါနဲ့များ ကံဆိုးသလားကွာ'

နောက်တစ်ဦးက ပြောလိုက်သည်။

ထိုအခါတွင် ပထမလူက ပြန်ဖြေလိုက်သည်မှာ . . .

www.burmeseclassic.com



'ဆိုးတာပေါ့ကွာ။ အဲဒီသူဌေးမလေးနဲ့ ဟန်ကျနေတာ ငါ့မယားကြီးသိသွားလို့ အကုန်လုံး လက်လွှတ်လိုက်ရတယ်ကွာ'

❀ ❀ ❀

## အချစ်ရဲ့ ကံထူးရှင်များ

အမျိုးသမီးတစ်ဦးက အခြားတစ်ဦးကို မေးလိုက်သည်။

'ရှင့်သမီး အိမ်ထောင်ပြုတော့မလို့ဆို၊ ကဲ. . . ကံထူးရှင်က ဘယ်သူပါလိမ့်'

'ဦးနှောက်ခွဲစိပ် ဆရာဝန်ပါ'

'ကောင်းပါပေ့ရှင်၊ ဒါပေမယ့် ကျွန်မကြားတာ ပါမောက္ခဆို'

'မဟုတ်ဘူးရှင့်၊ အဲဒါက သူ့အရင်ယောက်ျားပါ။ သူက ဥပဒေပါမောက္ခပါ'

'ဒါဆိုရင်ကျွန်မ ဘာဖြစ်လို့များ စိတ်ရောဂါအထူးကုလို့ မှတ်မိနေရပါလိမ့်'

'ရှင်က ဒေးဗစ်ကို တွေးနေမိတာ ဖြစ်မယ်။ သူက သမီးရဲ့ ပထမယောက်ျားပါ။ နာမည်ကြီး စိတ်ရောဂါဆရာဝန်ပေါ့'

ထိုအခါ မေးမြန်းသူ အမျိုးသမီး ပြောလိုက်သည်ကတော့ 'ဘုရားရေ. . . ပျော်စရာကြီးနော်၊ သမီးတစ်ယောက်တည်းနဲ့ အကုန်ရတယ်'

❀ ❀ ❀

www.burmeseclassic.com

